http://www.yeyintnge.com/

>>>>>>>>စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။<<<<<<<<

ကာတွန်းဇော်မိုင်း (ဥက္ကလံ) - တရုတ်၏လိုက်ပွဲတပွဲ = မြန်မာပြည်
စက်တင်ဘာ ၁၀၊ ၂၀၁၁




http://www.moemaka.com/



ဒေါ်အောင်ဆန်းစုကြည်ကို သူ့နေအိမ်မှာ ဒီကနေ့ သွားရောက် တွေ့ဆုံ ဆွေးနွေးခဲ့တဲ့ ဥရောပသမဂ္ဂ ရဲ့ အကူအညီပေးရေး ကော်မရှင် အကြီးအကဲ Kristalina Georgieva (ဓာတ်ပုံ - AP)
သူက အကူအညီပေးရေးအဖွဲ့အစည်းတွေ၊ အစိုးရကိုယ်စားလှယ်တွေနဲ့လည်း တွေ့ခဲ့ပါတယ်

မြန်မာပြည် ၂ ရက်ကြာခရီးစဉ်အပြီး ထုတ်ပြန်တဲ့ကြေညာချက်မှာတော့"မြန်မာပြည်အတွင်း လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေးကို တိုးချဲ့လုပ်ကိုင်ဖို့အတွက် အာဏာပိုင်တို့က လိုလိုလားလား ရှိနေသည်" လို့ ဖော်ပြထားကြောင်းAFP သတင်းတပုဒ်မှာရေးထားပါတယ်။

လူသားချင်း စာနာမှုဆိုင်ရာ ကူညီမှုလုပ်ငန်းပိုင်းမှာ ကျွမ်းကျင်သူတွေ မြန်မာပြည်ရဲ့ လိုအပ်နေတဲ့ ဒေသတွေကို ဝင်ရောက်လှေ့လာ လုပ်ကိုင်ခွင့် မကြာခင် ရဖို့လည်း သူ မျှော်လင့်ပါတယ် တဲ့။

ဖတ်ရတဲ့ သတင်းတွေကတော့ ဟန်ကျနေတာပဲ။

ကြားရတဲ့ သတင်းတွေကတော့ ဟန်မကျဘူး။ ဟိုတလောက ကချင်ဒေသဒုက္ခသည်တွေကို မကူညီကြဘူးလားလို့ ရန်ကုန်အခြေစိုက် အဖွဲ့တခုကို မေးတော့ အကူအညီကို တိုက်ရိုက်ပေးလို့မရပါ၊ ကချင်ပြည်နယ်အစိုးရကို ဖြတ်ရမယ် လို့ ဆိုပါတယ်။

သောက်ကျင့်တွေ မပြင်ကြသေးဘူးပေါ့။

လယ်ဧက ၅၀၀ နီးပါး မိုက်ကြေးခွဲခံရတဲ့ မေမြို့ တောင်သူများ
Saturday, September 10, 2011  zarny win  No comments
နိုင်ငံတော် စီမံကိန်းလို့ အော်ချက်ထုတ်ပြီး လယ်သမားတွေရဲ့ လယ်ဧက ၅၀၀ နီးပါးကို သိမ်း၊ ကော်ဖီပင်တွေ စိုက်ပျိုးထားလို့ ဒီလယ်တွေကိုလုပ်ကိုင်ခဲ့တဲ့ တောင်သူတွေက မခံမရပ်နိုင်ဖြစ်ပြီး ကော်ဖီခင်းတွေကို ခုတ်ထစ် ဖျက်ဆီးလိုက်ပါတယ်။ အဲဒီတော့ အာဏာပိုင်တွေဘက်ကလည်း ဖျက်ဆီးရကောင်းလား ဆိုပြီး လယ်သမား ၈ဦးကို ဖမ်းဆီးလိုက်တယ်။ ထပ်ပြီး လာဖမ်းဦးမယ် လို့တောင် ပြောခဲ့သေးတယ် တဲ့။

http://www.irrawaddyblog.com/

EU မဟာမင်းကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေး
2011-09-10

ဥရောပသမဂ္ဂ EU ရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဒီကနေ့ မနက်ပိုင်းက သီးခြား တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

AFP



မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဥရောပသမဂ္ဂ EU ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီး Kristalina Georgieva (ဝဲမှ ဒုတိယ) ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့က နေအိမ်တွင် သွားရောက်တွေ့ဆုံစဉ်။ (Photo: AFP)

မဟာမင်းကြီး Ms Karistalina Georgia ခရစ္စတလီးနား ဂျော်ဂျီယာနဲ့အဖွဲ့ဟာ ဒီကနေ့မနက် ၉ နာရီက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်မှာ လာရောက်တွေ့ဆုံတာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ မိနစ် ၄၀ ကြာ သီးခြား ဆွေးနွေးခဲ့တယ်လို့ NLD ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဟံသာမြင့်က ပြောပါတယ်။

“ကျနော်တို့လူတွေနဲ့ နှုတ်ဆက်တာလောက်ပဲ ရှိတယ်။ အလ္လာပ သလ္လာပ သဘောပါပဲ။ ဒေါ်အောင်ဆန်းကြည် နဲ့ကတော့ မိနစ် ၄၀ လောက်ကြာအောင် ပြောပါတယ်။ ကျနော်တို့လူတွေနဲ့ ၁၀ မိနစ်လောက် စကားပြော၊ ဓာတ်ပုံရိုက်ပြီး ထွက်သွားကြတာ။ ရှေ့မှာရှိတဲ့ သတင်းထောက်တွေကိုလည်း လေယာဉ်ပျံ မမီမှာစိုးလို့ပါ ဆိုပြီး ဘာမှ ပြောမသွားဘူး။ အဲဒီတော့ ကျနော်တို့ဘက်ကလည်း ဘာမှ မထုတ်ပြန်ပါဘူး”

EU မဟာမင်းကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည် ဘာတွေ ဆွေးနွေးသလဲဆိုတာ အတိအကျ မသိရပေမယ့် လူသားချင်း စာနာထောက်ထားတဲ့ အကူအညီ ပေးရေးကိစ္စတွေနဲ့ ပတ်သက်နိုင်တယ်လို့ သိရပါတယ်။ မဟာမင်းကြီးနဲ့အတူ ဥရောပသမဂ္ဂ သံအမတ်ကြီးနဲ့ တခြား အရာရှိတွေလည်း လိုက်ပါလာတယ်လို့ သိရပါတယ်။

အာသံအဖွဲ့ကို နှင်ထုတ်မှာမဟုတ်လို့ နာဂအဖွဲ့ ပြော
2011-09-10

စစ်ကိုင်းတိုင်း အထက်ပိုင်း နာဂတောင်တန်းမှာရှိတဲ့ ဦးခပ်ပလန် ဦးဆောင်တဲ့ နာဂ လက်နက်ကိုင်တပ်ဖွဲ့ NSCN က သူတို့နယ်မြေထဲမှာ နေထိုင်ခွင့်ပေးထားတဲ့ အိန္ဒိယနိုင်ငံက အာသံ လက်နက်ကိုင်တပ်ဖွဲ့ ULFA ကို နှင်ထုတ်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။

အဲဒီ အာသံတပ်ဖွဲ့တွေဟာ နာဂအဖွဲ့နဲ့ မဟာမိတ် ဖြစ်တဲ့အတွက် မောင်းထုတ်ခြင်း မပြုလုပ်တာဖြစ်တယ်လို့ နာဂ လက်နက်ကိုင်တပ်ဖွဲ့ NSCN ရဲ့ ပြောရေးဆိုခွင့်ရှိသူ ချိုဝမ်းဆင် က RFA ကို ပြောပါတယ်။

အခုရက်တွေအတွင်း မြန်မာအစိုးရ တပ်တွေက နာဂတောင်တန်းမှာ ဦးခပ်ပလန် ဦးဆောင်တဲ့ NSCN နာဂတပ်ဖွဲ့တွေနဲ့အတူ ULFA အာသံ လက်နက်ကိုင်တပ်ဖွဲ့တွေကို စတင် တိုက်ခိုက်နေတယ်လို့ သိရပါတယ်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်ရေး နိုင်ငံရေးအကျဉ်းသားများ တောင်းဆို
2011-09-10

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ဒီမိုကရေစီ အင်အားစုတွေ၊ တိုင်းရင်း သားတွေနဲ့ အစိုးရ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာဖို့ တိုက်တွန်းကြောင်း နိုင်ငံရေးအကျဉ်းသားတွေက သဘောထားထုတ်ပြန်လိုက်တယ်လို့ သိရပါတယ်။

နိုင်ငံရေးအကျဉ်းသား မိသားစုများ အကျိုးဆောင်ကွန်ရက်က မနေ့က ထုတ်ပြန်တဲ့ "အကျဉ်းချခံ နိုင်ငံရေးအကျဉ်းသားများမှ လတ်တလော နိုင်ငံရေးအခြေအနေ သဘောထား ထုတ်ပြန်ချက်" ထဲမှာ အဲဒီလို ဖော်ပြထားတာပါ။

အဲ့ဒီ ကြေညာချက်ထဲမှာ နိုင်ငံရေးအကျဉ်းသား ဘယ်လောက်ကို ကိုယ်စားပြုတယ်လို့ ဖော်ပြ မထားပေမယ့် ဒီ ကြေညာချက်ဟာ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဆန္ဒသဘောထားတွေ ဖြစ်ပါတယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုများ အကျိုးဆောင်ကွန်ရက်ရဲ့ ပြန်ကြားရေးဌာန တာဝန်ခံ မခင်မိမိခိုင်က ပြောပါတယ်။

"တွေ့ဆုံဆွေးနွေးရေး အခြေအနေတွေပေါ်မှာ သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို အားပေးထောက်ခံပါတယ်။ သို့သော် သတိထားဖို့ ဆိုတဲ့အခြေအနေကို အဓိက ဖော်ပြထားပါတယ်။ နောက်တခုက တိုင်းရင်းသားတွေနဲ့ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို မှန်မှန်ကန်ကန်နဲ့ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်"

ဒီကြေညာချက်ထဲမှာ ဒေါ်ဆောင်ဆန်းစုကြည်နဲ့ အစိုးရသစ်တို့ တွေ့ဆုံမှုတွေကို မူအားဖြင့် ကြိုဆိုပေမယ့် သတိရှိဖို့ တိုက်တွန်းထားပါတယ်။

အခုအစိုးရသစ်မှာ အရင် နအဖအစိုးရလက်ထက်က လူဟောင်းတွေ ပါဝင်ပြီး လယ်ယာ မြေသိမ်းပိုက်တာတွေ၊ အိမ်ယာ ပြောင်းရွှေ့တာတွေ၊ အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေတာတွေနဲ့ ကလေးစစ်သားကိစ္စ၊ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့ ကိစ္စတွေ ခုချိန်အထိ ရှိနေတဲ့အပြင် သက်ကြီးရွယ်အိုနဲ့ အမျိုးသမီး နိုင်ငံရေး အကျဉ်းသားတွေကို ကျန်းမာရေး စောင့်ရှောက်မှု မပေးတာတွေလည်း ရှိနေတာကြောင့် အစိုးရသစ်ကို အယုံအကြည် မဲ့စေတယ်လို့ ကြေညာချက်မှာ ရေးသားထားပါတယ်။

မူးယစ်ဆေးဝါး ကျပ် သိန်း ၄ ထောင်ကျော်ဖိုး တာချီလိတ်မြို့မှာ ဖမ်းမိ
2011-09-10

တာချီလိတ်မြို့ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာမှာ ရှိတဲ့ ဟွေလေလန် ပူးပေါင်းဂိတ်မှာ စက်တင်ဘာလ ၈ ရက်နေ့ ည ၈ နာရီက ဆယ်ဘီးကား တစီးပေါ်ကနေ ကျပ်ငွေ သိန်း ၄ ထောင်ကျော် တန်ဖိုးရှိတဲ့ 'ယာဘ' ခေါ် စိတ်ကြွဆေးပြား တသောင်းခွဲခန့် ဖမ်းဆီးရမိခဲ့တယ်လို့ သိရပါတယ်။

တာချီလိတ်မြို့နယ် ရဲစခန်းကို အာအက်ဖ်အေက ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျ ရဲအရာရှိက ဒီသတင်း ဟုတ်မှန်ကြောင်း အတည်ပြု ပြောဆိုပါတယ်။ ရဲစခန်းတာဝန်မှူး ဒု-ရဲအုပ် ထွန်းထွန်းဦးက ...

"လောလောဆယ်တော့ ရေတွက်မရသေးဘူး ခင်ဗျ။ အပြား အရေအတွက်ကို ခန့်မှန်းလို့ မရသေးသလို ငွေကြေးလည်း ခန့်မှန်းလို့ မရသေးပါဘူး"

ရွှေတြိဂံနယ်မြေ လာအိုနယ်စပ်၊ မဲခေါင်မြစ်အနီးက မိုင်းဖုန်းကျေးရွာအုပ်စု ပါခုတ် ကျေးရွာဘက်ကနေ တာချီလိတ်ဘက်ကို ကားမောင်းနှင်လာချိန်မှာ အခုလို ဖမ်းဆီးမိခဲ့တာပါ။

ဒီ မူးယစ်ဆေးဝါးတွေဟာ တာချီလိတ်မြို့ ဆန်စိုင်းရပ်ကွက်က အိုက်ဆောင် နေအိမ်ကို ပို့ဆောင်ဖို့ဖြစ်တယ် ဆိုတဲ့အတွက် တာချီလိတ်မြို့က မူးယစ်အဖွဲ့နဲ့ အတူ ခမရ (၃၃၁) တပ်ဖွဲ့ဝင်တွေက ည ၉ နာရီလောက်မှာ အိုက်ဆောင် နေအိမ်ကို ဝင်ရောက် ရှာဖွေခဲ့ချိန်မှာ ကားဂိုဒေါင်တွင်းက ကျပ်ငွေ သုံးကုဋေကျော် တန်ဖိုးရှိတဲ့ 'ယာဘ' မူးယစ်ဆေးပြားတွေ၊ ဘိန်းဖြူတွေအပြင် မူးယစ်ဆေးဝါး ဖော်စပ်တဲ့ ဓာတုဆေးတွေ ဖမ်းဆီးရမိခဲ့တယ်လို့ အာဏာပိုင်နဲ့ နီးစပ်တဲ့ အမည်မဖော်လိုသူတဦးက ပြောပါတယ်။

ဒါ့ပြင် ကားဂိုဒေါင်အတွင်းက အမျိုးအမည်မသိ သေနတ် ၂ လက်နဲ့ ကျည်ဆံတွေအပြင် ထိုင်းဘတ်ငွေ သိန်း ၂ ရာကျော် သိမ်းဆည်းရမိခဲ့ပြီး လိုင်စင်မဲ့ကား ၈ စီးနဲ့ မော်တော်ဆိုင်ကယ် ၁၀ စီးပါ ဖမ်းမိခဲ့တယ်လို့ သိရပါတယ်။

တဆက်တည်းမှာပဲ မိုင်းဖုန်းကျေးရွာအုပ်စုအတွင်းမှာ နေထိုင်တဲ့ အိုက်ဆောင်ရဲ့ ညီဖြစ်သူနေအိမ်မှာလည်း သေနတ်တလက်နဲ့ ကျပ်သိန်း ၄ ရာကျော် တန်ဖိုးရှိတဲ့ စိတ်ကြွဆေးပြားတွေ ဖမ်းဆီးရမိခဲ့သလို အိုက်ဆောင် ဆိုသူ စိုက်ပျိုးထားတဲ့ ရော်ဘာခြံခင်းထဲမှာ ဘိန်းဖြူ ၄၀ ကီလိုဂရမ်ခန့်နဲ့ အသံတိတ်ကိရိယာ တပ်ဆင်ထားတဲ့ လက်နက် ၃ လက်၊ ကျည်ဆံတွေနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့ စက်ပစ္စည်းတွေပါ သိမ်းဆည်း ရရှိခဲ့တယ်လို့ သိရပါတယ်။

ပြည်ပရောက် မြန်မာနိုင်ငံသားတချို့ မနက်ဖြန် မြန်မာနိုင်ငံ ပြန်မည်
2011-09-10

မကြာသေးခင်က သမ္မတဦးသိန်းစိန်က ပြည်ပရောက်မြန်မာနိုင်ငံသားတွေကို ပြန်လာခွင့် ပြုမယ်လို့ ပြောကြားခဲ့တဲ့ စကားအရ ပြည်ပရောက် မြန်မာ

နိုင်ငံသားတချို့ဟာ ပထမဆုံး အသုတ်အဖြစ် နက်ဖြန် တနင်္ဂနွေနေ့ ညနေမှာ ပုဂံလေကြောင်းလိုင်း လေယာဉ်နဲ့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာဖို့ ရှိနေပါတယ်။

RFA

ပြည်ပရောက် သီးလေးသီး ဆေးရောင်စုံ အငြိမ့်အဖွဲ့ဝင် လေးဦး မြန်မာနိုင်ငံသို့ မပြန်ခင် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့က ထိုင်းနိုင်ငံ ချင်းမိုင်မြို့နေအိမ်တွင် တွေ့ရစဉ်။ ဝဲမှယာ- စိန်သီး၊ ဇီးသီး၊ ချောစုမျိုး၊ ဂေါ်ဇီလာ။ (Photo: RFA)

အဲဒီ ပြန်လာမယ့်သူတွေထဲမှာ 'သီးလေးသီး' လို့ နာမည်ကျော်ကြားတဲ့ သီးလေးသီး ဆေးရောင်စုံအဖွဲ့က လူရွှင်တော်တွေ ဖြစ်တဲ့ ဦးဂေါ်ဇီလာ၊ ဦးစိန်သီး၊ ဦးဇီးသီးနဲ့ မင်းသမီး ချောစုမျိုးတို့လည်း ပါဝင်မယ်လို့ သီးလေးသီးအဖွဲ့ဝင် ဦးစိန်သီးက ပြောပါတယ်။

အခုလို မြန်မာနိုင်ငံကို ပြန်သွားမယ့် ကိစ္စနဲ့ပတ်သက်ပြီး ဦးစိန်သီးကို ဆက်သွယ်မေးမြန်းကြည့်တဲ့ အခါ ဦးစိန်သီးက

"သမ္မတ ဦးသိန်းစိန်ကလည်း ပြန်လာခွင့်ပေးတယ်။ ပေးတဲ့အချိန်မှာ ကျနော်တို့က ကျနော်တို့ ယုံကြည်ချက်တွေနဲ့ ကျနော်တို့ကပြန်တာ။ အနုပညာကို ကျနော်တို့ ပြည်တွင်းမှာ တင်ပြပြီးသွားသလို ပြည်ပမှာလည်း ကျနော်တို့က တင်ပြချင်တယ်။ အဲဒါကြောင့် ကျနော်တို့က ပြည်ပမှာလည်း ကျနော်တို့ အနုပညာကို တင်ပြပြီးသားဖြစ်တဲ့အတွက် ပြည်တွင်းထဲမှာ ကျနော်တို့က ပြန်ပြီး တင်ပြချင်လို့ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ပြည်တွင်းထဲကို ကျနော်တို့ ပြန်ဝင်တာပါ။"

သီးလေးသီး အဖွဲ့နဲ့အတူ ထိုင်းနိုင်ငံမှာ အခြေစိုက်တဲ့ မြန်မာ့ ဒီမိုကရေစီရေး လှုပ်ရှားသူတချို့လည်း အဲဒီလေယာဉ်နဲ့ ပြန်လည် လိုက်ပါလာဖို့ ရှိတယ်လို့ ပြောပါတယ်။

သီးလေးသီးအဖွဲ့ဝင်တချို့ အခုလို ပြည်တွင်းကို ပြန်ပေမယ့် လူရွှင်တော် ကိုပန်းသီးကတော့ မပြန်သေးဘဲ သူတို့ရဲ့ဆရာ လူရွှင်တော် ကိုဇာဂနာ လွတ်မြောက်မှသာ ပြန်မယ်လို့ ပြောပါတယ်။

http://www.rfa.org/burmese

စနေ, 10 စက်တင်ဘာ 2011

9/11 နှစ်ပတ်လည်အခမ်းအနားတွေ နိုင်ငံခေါင်းဆောင်များ တတ်ရောက်

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အကြမ်းဖက် တိုက်ခိုက်မှုတွေကြောင့် အမေရိကန်ပြည်ထောင်စု ပင်န်ဆယ်လ်ဗေးနီးယား ပြည်နယ်မှာ ပျက်ကျခဲ့တဲ့ United လေကြောင်းလိုင်းက လေယာဉ်အမှတ် (၉၃) မှာ ပါဝင်ခဲ့သူတွေ သေဆုံးခဲ့ရတာ (၁၀) နှစ်ပြည့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အခမ်းအနားကို မနေ့က ပင်န်ဆယ်လ်ဗေးနီးယား ပြည်နယ် ရှန့်ခ်ဗေးလ် (Shanksville) မြို့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအခမ်းအနားကို အမေရိကန်သမ္မတဟောင်း ဂျော့ချ် ဒဗလျူ ဘုရှ် (George W. Bush) နဲ့ သမ္မတဟောင်း ဘီလ်ကလင်တန် (Bill Clinton) တို့ တက်ရောက်ခဲ့ကြပါတယ်။

အကြမ်းဖက်သမားတွေကို ဆန့်ကျင်ပြီး သူတို့လိုချင်တဲ့လမ်းကြောင်း အတိုင်းမသွားဘဲ မြေပြင်ပေါ်ကို အတင်းထိုးဆင်းနိုင်အောင် ကြိုးပမ်းခဲ့ကြတဲ့ လေယာဉ်အမှတ် (၉၃) မှာ ပါဝင်ခဲ့ကြသူတွေကို ဂုဏ်ပြု အောက်မေ့တဲ့အနေနဲ့ အဖြူရောင်ကျောက်တုံးတခုကို အမှတ်တရထားတဲ့ အခမ်းအနား မနေ့က ကျင်းပခဲ့တာပါ။ အဲဒီလေယာဉ်ပေါ်မှာပါခဲ့ကြတဲ့ ခရီးသည်တွေဟာ တခြား အမေရိကန် ပြည်သူတွေကို အတိုက်အခိုက်မလုပ်နိုင်အောင် တာဝန်သိမှုဆိုတဲ့ စိတ်ဓါတ်နဲ့ အကြမ်းဖက်သမားတွေကို တန်ပြန်တိုက်ခိုက်ခဲ့ကြတယ်လို့ သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်က ပြောပါတယ်။

လက်ရှိ ဒုသမ္မတ ဂျိုးဘိုင်ဒန် (Joe Biden) လည်း အဲဒီအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ သမ္မတ ဘရက်အိုဘားမား ကတော့ မြို့တော် ဝါရှင်တန်ဒီစီမှာ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရလို့ သေဆုံးခဲ့ရသူတွေအတွက် (၁၀) နှစ်ပြည့် အောက်မေ့ဘွယ်အခမ်းအနားကို မနေ့က ကျင်းပခဲ့ပါတယ်။ ဒီကနေ့မှာလည်း အောက်မေ့ဘွယ် အခမ်းအနားတွေကို နယူးယောက်၊ ဝါရှင်တန်ဒီစီနဲ့ ပင်န်ဆယ်လ်ဗေးနီးယား ပြည်နယ်တွေက အတိုက်ခိုက် ခံခဲ့ရတဲ့ နေရာတွေမှာ ကျင်းပကြပါလိမ့်ဦးမယ်။ အဲဒီအခမ်းအနားတွေကိုလည်း သမ္မတအိုဘားမား တက်ရောက်ပါလိမ့်ဦးမယ်။

စနေ, 10 စက်တင်ဘာ 2011

ဂဒါဖီ ခြေကုပ်စခန်းသိမ်းတိုက်ပွဲ ပြင်းထန်

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

လစ်ဗျားနိုင်ငံမှာ မိုမာဂဒါဖီကို သစ္စာခံတဲ့တပ်ဖွဲ့တွေရဲ့ နောက်ဆုံးကျန်နေတဲ့ ခြေကုပ်စခန်းတွေထဲက တခုကို နေတိုးတပ်ဖွဲ့ရဲ့ နောက်ခံပံ့ပိုးမှုတွေနဲ့ လက်ရှိ အသွင်ကူးပြောင်းရေး အစိုးရတပ်ဖွဲ့တွေက တိုက်ခိုက်နေကြပါပြီ။ ဘနီဝါလစ်ဆိုတဲ့ သဲကန္တာရမြို့ကို အသွင်ကူးပြောင်းရေး တပ်ဖွဲ့တွေက သောကြာနေ့ကတည်းက စတင် ဝင်ရောက်တိုက်ခိုက်နေတာ မနေ့တုန်းကတော့ ဂဒါဖီသစ္စာခံတပ်တွေဘက်က အပြင်းအထန် ပြန်ခုခံခဲ့ကြပါတယ်။

နေတိုးတပ်ဖွဲ့တွေဘက်က လေကြောင်းကနေ ဂျက်လေယာဉ်တွေနဲ့ ကူညီ တိုက်ခိုက်ပေးနေပြီး အသွင်ကူးပြောင်းရေး တပ်ဖွဲ့တွေဘက်ကလည်း အိမ်တွေ တအိမ်ပြီးတအိမ် ဝင်ရောက် စီးနင်းပြီး ကဒါဖီသစ္စာခံ လက်ဖြောင့် သေနတ်သမားတွေကို ရှာဖွေခဲ့ကြပါတယ်။ တိုက်ပွဲတွေ ဆက်ပြီး ရှိနေသေးတယ်ဆိုပေမဲ့လည်း သူတို့တွေ အောင်ပွဲနဲ့ နီးလာနေပြီလို့ အသွင်ကူးပြောင်းရေး တပ်ဖွဲ့တွေက ပြောနေပါတယ်။

အဲဒီ ဘနီဝါလစ် မြို့နားမှာရောက်နေတဲ့ ဗွီအိုအေသတင်းထောက် အဲလီဇဘက် အားရော့တ် (Elizabeth Arrott) ပြောပြတာက သူမြင်နေရတဲ့နေရာကနေ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တဲ့အသံတွေကို ကြားနေရတယ်လို့ ဆိုပါတယ်။ အသွင်ကူးပြောင်းရေးကောင်စီ NTC ဘက်က ပြောတာကတော့ သောကြာနေ့တုန်းက အဲဒီမြို့အပြင်ဘက်မှာ ဂဒါဖီ သစ္စာခံတွေဘက်က ဒုံးကျည်တွေနဲ့ ပစ်ခတ်ခဲ့ပြီးနောက်ပိုင်း အသွင်ကူးပြောင်းရေး တပ်တွေ အဲဒီ ဘနီဝါလစ်မြို့ကို ဝင်တိုက်ခဲ့ကြတာပဲလို့ ဆိုပါတယ်။

မနေ့က စနေနေ့ကို နောက်ဆုံးထားပြီး လက်နက်ချဖို့ အသွင်ကူးပြောင်းရေး ကောင်စီကနေ ဂဒါဖီရဲ့တပ်ဖွဲ့တွေကို ရာဇသံပေးထားတာပါ။ ဂဒါဖီရဲ့ဇာတိမြို့ အပါအဝင် တခြား မြို့တော်တော်များများမှာ မနေ့တုန်းက တိုက်ပွဲတွေ ပြင်းပြင်းထန်ထန် ဖြစ်ခဲ့ကြတယ်လို့ အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားက ပြောပါတယ်။

စနေ, 10 စက်တင်ဘာ 2011
VOA မြန်မာပိုင်းအစီအစဉ် သတင်းထောက် ရန်ကုန်မှတိုက်ရိုက်သတင်းပို့

By ဒေါ်ခင်စိုးဝင်း

အီးမေးလ်
ပုံနှိပ်ရန်

အရပ်သားအစိုးရသစ်တက်လာပြီးတဲ့နောက် ပထမဆုံးကြိမ် ၅ ရက်ကြာခရီး သွားရောက်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်ခ်မစ်ချဲလ် ဟာ ဒီကနေ့မှာ အစိုးရ ရုံးစိုက်ရာ နေပြည်တော်မှာ လှည့်လည်ကြည့်ရှုနေပါတယ်။

မနေ့ကတော့ မြန်မာနိုင်ငံကို ရောက်ရောက်ချင်း နေပြည်တော်က အစိုးရတာဝန်ရှိသူတွေနဲ့တင်မကဘဲနဲ့ ကျင်းပနေဆဲ လွှတ်တော်ထဲက တာဝန်ရှိသူတွေနဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ အခုလို မြန်မာနိုင်ငံကို သွားရောက်တဲ့ မစ္စတာ မစ်ချဲလ်ရဲ့ ခရီးစဉ်ကိစ္စကို သတင်းယူဖို့အတွက် ဗွီအိုအေ သတင်းထောက် ဒေါ်ခင်စိုးဝင်းဟာ အခု ရန်ကုန်ကိုရောက်ရှိနေပါတယ်။ မစ္စတာမစ်ချဲလ်ရဲ့ ခရီးစဉ်အကြောင်းကို ဒေါ်ခင်စိုးဝင်းက အခုလို သတင်းပို့ပါတယ်။

"နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အတည်ပြုချက်အရ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ်မစ်ချဲလ် ဟာ ဒီကနေ့ နေပြည်တော်မှာ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံတာတွေ မရှိဘဲနဲ့ ကိုယ်ပိုင်အချိန် အဖြစ်နဲ့ နေပြည်တော်တခွင်ကို လေ့လာခဲ့တယ်လို့ သိရပါတယ်။ နေပြည်တော်မှာရှိတဲ့ စေတီတော်ကိုလည်း သွားရောက်လေ့လာခဲ့တယ်လို့ သိရပါတယ်။

"မနက်ဖြန်ကျရင်တော့ ရုပ်ရှင်မင်းသားကျော်သူ ဦးစီးတဲ့ နာရေးကူညီမှု အသင်းနဲ့ စေတနာရှင် NLD လူငယ်တွေဖြစ်တဲ့ မဖြူဖြူသင်း ဦးဆောင်တဲ့ လူငယ်အဖွဲ့နဲ့လှုပ်ရှားနေတဲ့ HIV/AIDS ဝေဒနာသည်တွေကို စောင့်ရှောက်ပေးနေတဲ့ ဂေဟာကိုလည်း သွားရောက် လေ့လာဖို့ရှိတယ်လို့ ကြားသိရပါတယ်။

"မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေကိုတော့ တနင်္လာနေ့ စက်တင်ဘာလ ၁၂ ရက်နေ့မှာ တွေ့ဖို့စီစဉ်ထားပါတယ်။ NDF အမျိုးသား ဒီမိုကရက်တစ် အင်အားစုပါတီက ခေါင်းဆောင်တွေနဲ့လည်း စက်တင်ဘာ ၁၃ ရက်နေ့မှာ တွေ့ဆုံမယ်လို့ NDF ပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ဗွီအိုအေကို ပြောပြပါတယ်။"

ဗွီအိုအေ အနေနဲ့ နှစ်ပေါင်းများစွာကြာပြီးတော့မှ အခု ပထမဦးဆုံးအကြိမ် အနေနဲ့ မြန်မာပြည်ထဲကို ဝင်ပြီး သတင်းယူခွင့် ပြန်ရတာပေါ့နော်။ ဒီတော့ လက်ရှိ

မြန်မာပြည်ရဲ့ အခြေအနေနဲ့ အခု ဖြစ်ပျက်နေတဲ့ တိုင်းပြည်ရဲ့ အခြေအနေတွေအပေါ် ပြည်သူတွေရဲ့ သဘောထားကရော ဘယ်လိုရှိလဲ။ ဘယ်လိုမြင်ရပါသလဲ။ -

"ပြည်သူတွေရဲ့သဘောထားကို မပြောခင် ဒီနေ့ မင်္ဂလာဒုံလေဆိပ်ကို ရောက်တဲ့အခါ အဆောက်အဦးတွေရဲ့ အနေအထားက လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက ကျမ တွေ့ခဲ့တာနဲ့စာရင် အတော်လေး တိုးတက်လာတာတွေ့ရလို့ အားတက်မိပါတယ်။ လမ်းဘေးဝဲယာ ကြည့်လိုက်တော့လည်း တိုက်တာကြီးတွေနဲ့ တော်တော်လေးကို တိုးတက်နေပါတယ်။ ကျမ ရောက်တယ်လို့ကြားတာနဲ့ လာတွေ့ကြတဲ့ ဆွေမျိုးတွေကလည်း အများကြီးဆိုတော့ စကားပြောကြတာပေါ့လေ။ အဲဒီအထဲမှာ ကျမကိုလာတွေ့တဲ့ ဆရာတယောက်က မြန်မာနိုင်ငံရဲ့ တိုးတက်လာတဲ့အခြေအနေနဲ့ ပတ်သက်ပြီးတော့ သူက အခုလို ပြောပြပါတယ်။"

ဆရာတယောက်အသံ။ ။ "နယ်နဲ့ ရန်ကုန်နဲ့ အများအားဖြင့် ကုန်းလမ်း ဆက်သွယ်ရေးတွေ တော်တော်လေး ကောင်းလာတယ်။ ဟိုက်ဝေး ဘက်စ်ကြီးတွေ ပုံမှန်ပြေးလာတယ်။ အဲဒီတော့ ရန်ကုန်ကနေပြီးတော့ အထက် မြန်မာပြည်ကိုလည်း သွားလို့ရတယ်။ အထက် မြန်မာပြည်ဆိုရင်လည်း မြို့အသီးသီးပေါ့လေ။ ရှမ်းပြည်တောင်ပိုင်း မြောက်ပိုင်း၊ မန္တလေး၊ မုံရွာ၊ နောက်ပြီးတော့ မြစ်ဝကျွန်းပေါ်တွေကိုလည်း သွားလို့ရတယ်။ အရင်တုန်းက မီးရထားကိုပဲ အားကိုးနေရတဲ့ဟာတွေက အခု ကုန်းလမ်းဆက်သွယ်ရေး မှာတော့ သိသိသာသာ တိုးတက်လာပါတယ်။"

"ဒီလို လမ်းပန်းဆက်သွယ်ရေး တိုးတက်တာတွေရှိပေမဲ့လည်း အားရဖို့မကောင်းတဲ့ အခြေအနေ ရှိတယ်ဆိုတာကိုလည်း အခုလို သုံးသပ်ပြပါတယ်။"
ဆရာတယောက်အသံ။ ။ "ခလေးတွေ ကြိုးစားသလောက် အရာမထင်ဘူးလို့ ပြောရမယ်။ ကိုယ့်သားသမီးတွေ ကိုယ်နိုက်ကပဲ သူတို့ကြိုးစားတယ်။ စာမေးပွဲနဲ့ အမှတ်နဲ့ဆိုရင်တော့ သူတို့က ထူးထူးချွန်ချွန် အောင်ကြတယ်။ ဒါပေမဲ့ သူတို့ကို အသုံးချတဲ့နေရာမှာကျတော့ ဘာမှအစီအစဉ်မရှိဘူး။"

"ဒါကတော့ ကျောင်းသားမိဘတဦးလည်းဖြစ်တဲ့ ကျမရဲ့ ဆရာတဦးက ပြောပြသွားတာပါ။ မိတ်ဆွေ အိမ်ရှင်မတဦးကလည်း မြန်မာနိုင်ငံမှာ အခုလောလောဆယ် ဆင်းရဲချမ်းသာ ကွာဟမှုဟာ တနေ့တခြား ကျယ်ပြန့်လာတာကိုလည်း အခုလို ပြောပြပါသေးတယ်။"

အိမ်ရှင်မတဦး။ ။ "အကျင့်စာရိတ္တပိုင်းမှာတော့ တော်တော်ကို ယိုယွင်းနေကြပါတယ်။ လူတန်းစားအနေနဲ့ကြည့်မယ်ဆိုရင်လည်း လူလတ်တန်းစားဆိုတာ မရှိတော့ပါဘူး။ လူတွေရဲ့ ကိုယ်ပိုင်ဝင်ငွေကလည်း အများကြီး ဝင်တဲ့ ဘာနည်းနဲ့ဝင်မှန်းမသိဝင်တဲ့ ကိုယ်ပိုင်ဝင်ငွေရှိမယ်။ ပုံမှန်ဝင်တဲ့သူ ဝင်ငွေကတော့ ကျမတို့မှာ တနေ့တနေ့ စားဝတ်နေရေးအတွက်ကို ဖူလုံတဲ့အဆင့်ကိုတောင် မရှိတဲ့အနေအထားတွေ ရှိနေတဲ့အခါမှာ လူတွေဟာ ပုံမှန်ဝင်ငွေနဲ့ မလုံလောက်တဲ့အတွက်ကြောင့် တရားသဖြင့်ဝင်ငွေအပြင် မတရားသဖြင့် ဝင်ငွေကိုရှာလာရတယ်။ အဲဒီတော့ ပိုပြီးတော့ စာရိတ္တတွေ ဆိုးရွားလာတယ်။ အပြောအဆိုတွေကလည်း ပိုပြီးတော့ ရဲတင်းလာတယ်။ ရှက်ရမယ့်အရာကိုရှက်ရမှန်း မသိတော့ဘူး။ ကြောက်ရမယ့်အရာကို ကြောက်ရမှန်းမသိတော့ဘူး။"

"ဒါကတော့ နိုင်ငံမှာ အဆိုးအကောင်း ဒွန်တွဲနေတဲ့အကြောင်းကို အသိမိတ်ဆွေတွေက ပြောပြသွားတာပါ။ တဆက်တည်းမှာပဲ ဆက်သွယ်ရေးနဲ့ပတ်သက်လို့ ကျမနေနေတဲ့ ဟိုတယ်မှာ အင်တာနက် ဝင်ဆောင်မှုပေးတဲ့ wifi service ကလည်း အတော်လေး ကောင်းပါတယ်။ ဒါပေမဲ့ ဗွီအိုအေ ဝက်ဘ်ဆိုက်ကိုတော့ ဝင်လို့မရပါဘူး။"

ဗွီအိုအေ သတင်းထောက် ဒေါ်ခင်စိုးဝင်း ရန်ကုန်မြို့ကနေ သတင်းပေးပို့ခဲ့တာဖြစ်ပါတယ်။

စနေ, 10 စက်တင်ဘာ 2011
အစ္စရေးသံရုံးစီးနင်းမှုအပြီး ကိုင်ရိုလုံခြုံရေးတင်းကျပ်

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ အစ္စရေးသံရုံးကို ဆန္ဒပြသူတွေ ဝင်ရောက် စီးနင်းခဲ့တဲ့အဖြစ်အပျက် ဖြစ်ပြီးနောက်တရက် စနေနေ့မှာ အီဂျစ်နိုင်ငံမှာ လုံခြုံရေးတပ်ဖွဲ့တွေကို အဆင့်မြင့် လုံခြုံရေးသတိပေးချက် ထုတ်ပြန်ထားပါတယ်။ အဲဒီအကြမ်းဖက်မှုနဲ့ပတ်သက်လို့ အီဂျစ်အစိုးရကလည်း ဆွေးနွေးနေဆဲ ဖြစ်ပါတယ်။

သောကြာနေ့တုန်းက ဆန္ဒပြသူတွေဟာ အစ္စရေးသံရုံးက လုံခြုံရေးအကာအကွယ် နံရံကို ဖြိုချ ဖျက်စီးပစ်ခဲ့တာ ဖြစ်ပါတယ်။ သံရုံးထဲ ဝင်ရောက်ခဲ့ပြီးတဲ့နောက် ဆန္ဒပြသူတချို့ဟာ သံရုံးထဲက စာရွက်စာတမ်းတချို့ကို အပြင်က လူအုပ်ထံကို လွှင့်ပစ်ခဲ့ပါတယ်။

အီဂျစ်လုံခြုံရေးတပ်ဖွဲ့တွေ အနေနဲ့ အဲဒီအကြမ်းဖက်မှုကို ဝင်ရောက်တားဆီးတာမျိုး မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ ညနေပိုင်းမှာတော့ ဆန္ဒပြသူတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေအကြား ပဋိပက္ခတွေ ဖြစ်ပွားခဲ့လို့ လူ ၄၄၈ ယောက်နီးပါး ဒဏ်ရာရခဲ့တယ်လို့ အီဂျစ်အစိုးရဘက်က ပြောဆိုပါတယ်။

ဒီအကြမ်းဖက်ဖြစ်ရပ်ကြောင့် အီဂျစ်ဆိုင်ရာ အစ္စရေးသံအမတ် နဲ့ Yitzhak Levanon နဲ့ သူ့ရဲ့မိသားစု အပါအဝင် သံရုံးဝန်ထမ်း ၈၀ ကျော်ဟာ အီဂျစ်နိုင်ငံက ထွက်ခွာဖို့ လေဆိပ်ကို အပြေးအလွှား ထွက်ခွာသွားခဲ့ကြရပါတယ်။ သံအမတ်ကြီးနဲ့ သံရုံးဝန်ထမ်းတွေဟာ အစ္စရေးကို စနေနေ့ အစောပိုင်းမှာ ရောက်ခဲ့ကြပြီးတော့

သံရုံးထဲမှာ ပိတ်မိခဲ့ကြတဲ့ အစ္စရေးနိုင်ငံသား ၆ ဦးကို အီဂျစ် အသေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကယ်ထုတ်ခဲ့ကြရတယ်လို့ အစ္စရေး အာဏာပိုင်တွေက ပြောဆိုပါတယ်။

ကမ္ဘာ့အကြီးဆုံးမိကျောင်း လွှတ်ပေးဖို့ တိရိစ္ဆာန် အခွင့်အရေးသမားတွေ တောင်းဆို

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

ဖမ်းမိထားတဲ့ မိကျောင်းတွေထဲမှာ ကမ္ဘာ့အကြီးဆုံးလို့ မှတ်ယူရတဲ့ မိကျောင်းကြီးကို လွှတ်ပေးဖို့ တိရစ္ဆာန်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အဖွဲ့တွေက ဖိလစ်ပိုင်အာဏာပိုင်တွေကို တိုက်တွန်း လိုက်ပါတယ်။

တိရစ္ဆာန်တွေအပေါ် စာနာစိတ်နဲ့ ဆက်ဆံဖို့အတွက် လုပ်နေသူတွေကတော့ အရှည်အားဖြင့် ပေ ၂၀ (၆ မီတာ) ရှည်တဲ့ ပင်လယ်ရေငန် မိကျောင်းကြီးကို အဂူ ဆန်းဒဲလ် ဆူအာ ခရိုင်မှာ ဆက်ပြီး ထိန်းသိမ်းထားမယ်ဆိုရင် ပုံမှန်မဟုတ်ဘဲ ကိုယ်ကိုယ့်ကို ဖျက်ဆီးစေနိုင်တဲ့ အမူအကျင့်တွေ ဖြစ်လာနိုင်ပြီး မိကျောင်းထိန်းသိမ်းသူတွေနဲ့ လာရောက်ကြည့်ရှုသူတွေကို အန္တရာယ်ဖြစ်လာနိုင်တယ်လို့ စနေနေ့မှာ ပြောလိုက်ပါတယ်။ အဲဒီမိကျောင်းကြီးကို ပြီးခဲ့တဲ့ စနေနေ့က ဖိလစ်ပိုင်နိုင်ငံမှာ ဖမ်းဆီးမိခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ဘူနာဝမ်မြို့တော်ဝန်ကတော့ ဒီမိကျောင်းကြီးဟာ အနီးအနားက ဒီရေတောတွေကိုမှီခိုပြီး ငါးဖမ်းလုပ်ငန်း လုပ်နေကြတဲ့ သူရဲ့ မဲဆန္ဒနယ်က လူတွေအတွက် အန္တရာယ်ဖြစ်လာနိုင်တယ်လို့ ပြောလိုက်ပါတယ်။
http://www.voanews.com/burmese/news

ဦးသိန်းညွှန့် နဲ့ သူ၏ မေးခွန်း
တူမောင်ညို
စက်တင်ဘာ ၁၁၊ ၂၀၁၁

"ဦးသိန်းညွှန့်" ကို အကဲဖြတ်မလို့ မဟုတ်ပါဘူး။ ထူးခြားတယ်လို့ပြောရမှာလား။ ဆန်းကြယ်တယ်လို့ဆိုရမှာလား။ နစ်ခု စလုံးပဲလား။ ရောထွေးနေပါတယ်။ ဒီတော့ စာဖတ်သူများကပဲ ဘယ်စကားလုံးနဲ့သင့်တော်မယ်ဆိုတာကို ရွေးလိုက်ကြပါတော့။
ဦးသိန်းညွှန့်ပတ်သက်ပြီး အပေါ်ယံ တွေ့ထားတာလေးတွေ ရေးပြပါရစေ။

ဦးသိန်းညွှန့်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကဖြစ်ပါတယ်။

(NLD)ကနေ ပဲ့ ထွက်ပြီးနောက် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) မှာခေါင်းဆောင်ပိုင်းကပါခဲ့တယ်။ အဲဒီကနေ တစ်ခါ ကွဲကြခွဲကြပြီး  အခုနောက်ဆုံး အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democracy Party )ဖွဲ့ပါတယ်။
အဲဒီ အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democracy Party ) မှာ  ဦးသိန်းညွှန့်က ဥက္ကဋ္ဌ ဖြစ်ပါတယ်။
သူ့ရဲ့ အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP) က ရွေးကောက်ပွဲကော်မရှင်ထံ လွန်ခဲ့တဲ့ ဇူလိုင်လ ၄ ရက်နေ့မှာ "တည်ထောင်ခွင့်" လျှောက်ထားခဲ့ပါတယ်။ ဩဂုတ်လ ၂၃ ရက်နေ့မှာ ကော်မရှင်က တည်ထောင်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်တော့မရသေးပါဘူး။
အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) ထဲမှာ ယခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှာ လုပ်ခဲ့ဖူးသူ ၁၂ ဦးပါ ဝင် ပါတယ်။ ဒ့ါအပြင် အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP)ထဲမှာ "၂၀၁၀ရွေးကောက်ပွဲ" ကနေရွေးချယ်ခံရတဲ့ လွှတ်တော်ကိုယ်စား လှယ် ၅ ဦး ပါဝင်တယ်လို့ (ပြည်သူ့ခေတ် ဂျာနယ်၊ အတွဲ ၂ အမှတ် ၅၈၊ စာမျက်နှာ ၈ ) မှာဖော်ပြထားပါတယ်။
ဦးသိန်းညွှန့် ဟာ "၁၉၉၀ပြည့်ရွေးကောက်ပွဲ" မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီး။ သဃ်္န်းကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ကနေရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦး ဖြစ်ခဲ့ပါတယ်။
ဒ့ါအပြင် "၂၀၁၀ ရွေးကောက်ပွဲ"မှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ကနေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး  သဃ်္န်း ကျွန်းမြို့နယ်ကနေ ရွေးချယ်ခံရတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။
ရွေးကောက်ပွဲ ၂ ခုဟာ တစ်ခုနဲ့တစ်ခု နှစ် (၂၀) ကျော်ကွာဝေးပါတယ်။ သူကိုယ်စားပြုတဲ့ ပါတီကတော့ (၃) ပါတီပြောင်း ခဲ့ပြီးပြီ။ ဒါပေမယ့် သူဟာ ရွေးကောက်ပွဲ ၂ ခုစလုံးမှာ မြို့နယ်တစ်ခုထဲကနေရွေးချယ်တင်မြှောက်ခံရသူဖြစ်ပါတယ်။ ဦးသိန်းညွှန့် ကို၂ ကြိမ်စလုံး ရွေးချယ်ခဲ့ကြတဲ့ သဃ်္န်းကျွန်း ကလူတွေ အသိဆုံးဖြစ်ပါလိမ့်မယ်။ အကြောင်းမဲ့ သက်သက်တော့ ရွေးချယ်ခဲ့ကြ တာ တော့ဟုတ်ဟန်မတူပါဘူး။ ထူးခြားတယ်ပြောရမလား၊ ဆန်းကြယ်တယ်ပြောရမလားဆိုတာ အဲဒီလိုအချက်တွေကြောင့် ပြော ရတာပါ။
ဦးသိန်းညွှန့်က ယခုကျင်းပနေဆဲလွှတ်တော်ထဲမှာ မေးခွန်းတစ်ခုမေးတယ်။
"၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်အရ နှစ်ပေါင်း (၂၀) ခန့် ရပ်တည်ခဲ့သော တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂၀) နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရက တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း"   မေးမြန်းခဲ့တယ်။
သူ့မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ကပြန်လည်ဖြေကြားတယ်။
ဦးမြင့်နိုင် က ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ (နအဖ) ရဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (ဥပဒေအမှတ် ၃/၂၀၁၀) ပုဒ်မ ၉၁(က)

“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၁၄/၈၉) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်”၊ (ခ) “ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ကျင်းပခဲ့သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ယင်း ရွေး ကောက်ပွဲရလဒ်များသည် အလိုအလျောက်ပျက်ပျယ်သည်ဟုမှတ်ယူရမည်”ဟု ပြဋ္ဌာန်းထားပါကြောင်းဆိုတဲ့အချက်တွေကို ကိုးကား ပြီးဖြေဆိုသွားခဲ့ပါတယ်။

“၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ” နဲ့ “ရွေးကောက်ပွဲရလဒ်” တို့ဟာ (နဝတ-နအဖ)စစ်အစိုးရ ရဲ့ မှတ်တမ်းဝင် အထင်ကရ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်။ ဒါကိုဘယ်သူမှ ဖျောက်ဖျက်ပစ်လို့မရပါဘူး။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ (နဝတ) စစ်အစိုးရ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်အမှတ် (၁/၈၈) မှာပါရှိတဲ့ တာဝန်ကြီး ၄ ရပ်အနက် စတုတ္ထမြောက်နောက်ဆုံး တာဝန်ဟာ “ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ”ကျင်းပရေးဖြစ်ပါ တယ်။

သမ္မတဦးသိန်းစိန်ရဲ့မတ်လ (၃၀) ရက်နေ့မိန်းခွန်းမှာလည်း (နအဖ)စစ်အစိုးရက “အမွေခံကောင်းတွေပေးခဲ့ပြီ” လို့ ထည့် သွင်းပြောကြားခဲ့သလို၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဒွေးဦးက လည်း (နအဖ) စစ်အစိုးရ လုပ်ဆောင် ချက်များနဲ့ပတ်သက်ပြီးကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ “ကျေးဇူးတင်ကြောင်း အဆို”တင်ပြခဲ့ပါတယ်။

(နဝတ-နအဖ)စစ်အစိုးရ ရဲ့လုပ်ဆောင်ချက်တွေကို အဆိုပြုကြ၊ မှတ်တမ်းတင်ကြတဲ့နေရာမှာ “၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ” နဲ့ “ရွေးကောက်ပွဲရလဒ်” ကိုချွင်းချန်ထားလို့ မဖြစ်ပါဘူး။

လွန်ခဲ့တဲ့ ၂၀၁၁၊ မေလ ၂၇ ရက်နေ့ (ဗွီအိုအေ)နဲ့ အင်တာဗျူးမှာ ဒေါ်အောင်ဆန်းစုကြည် က “ရွေးကောက်ပွဲနဲ့ပတ်သက် လို့ဆွေးနွေးတဲ့၊ စကားပြောတဲ့ဟာတွေထဲမှာ သမိုင်းမှာကျန်ရစ်ခဲ့ပြီဆိုတဲ့ အသုံးအနှုန်းကို တချို့က သုံးပါတယ်။ ကျမတို့ရဲ့ရွေးကောက်ပွဲကို သမိုင်းနဲ့နှိုင်းယှဉ်ပြီး ပြောရတယ်ဆိုရင်ကို ဒီရွေးကောက်ပွဲဟာ ဘယ်လောက် အရေးပါခဲ့တယ်ဆိုတာကို အသိအမှတ်ပြုတာပဲ။ သမိုင်းနဲ့ကို ချီပြီးတော့ ဒီရွေးကောက်ပွဲက အရေးကြီးခဲ့တယ် ဆိုတာကို ကျမတို့ မမေ့သင့်ပါဘူး”

“ကျမတို့ အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲရဲ့ ရလဒ်ကို အသိအမှတ် မပြုတာကို အမြဲကန့်ကွက်တယ်။ NLD ကို အာဏာ မပေးလို့မဟုတ်ဘူး၊ ပြည်သူလူထုကို မလေးစားလို့။ ပြည်သူလူထုကို မျှော်လင့်ချက်တွေ ပေးပြီးတော့ ဒီမျှော်လင့်ချက်တွေကို ချေဖျက်လို့၊ မလုပ်ကောင်းတဲ့ကိစ္စဆိုတာ ဒီတိုင်းပြည်ရဲ့သမိုင်းအတွက် မကောင်းဘူး။ ကျန်ခဲ့တဲ့သမိုင်း မဟုတ်ဘူး၊ နောင်လာမယ့် သမိုင်း အတွက်လည်း မကောင်းဘူး”
လို့ ပြောခဲ့ဖူးပါတယ်။

ဒီတော့ဗျာ။ ပြည်သူ့လွှတ်တော်ထဲမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ပေးခဲ့တဲ့ အဖြေအရဆိုရင် “၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ် ဖျက်သိမ်းမှု”ကို ဦးသိန်းစိန် အစိုးရသစ်နဲ့ လွှတ်တော်က အတည်ပြုလိုက်တဲ့ သဘောဖြစ်ပါတယ်။
 “ဖျက်သိမ်းမှု”ကို အစိုးရသစ်နဲ့ လွှတ်တော်က အသိအမှတ်ပြုနိုင်တယ်ဆိုရင် “၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ” နဲ့ “ရွေးကောက်ပွဲရလဒ်” (တည်ရှိပြီးမှု) ကိုလည်း အသိအမှတ်ပြုနိုင်ရမှာပေါ့။
 (နဝတ-နအဖ) စစ်အစိုးရကိုယ်တိုင်ချမှတ်လုပ်ဆောင်ခဲ့တဲ့ အချက်တွေဖြစ်ပါတယ်။

ဒ့ါအပြင် “၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ် ကို  တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး” ဆိုတဲ့ အချက်ဟာ “ရွှေဂုံတိုင်ကြေညာစာတမ်း”ထဲက အရေးကြီးတဲ့ သဘောထားရပ်တည်ချက်တစ်ခုလည်းဖြစ်ပါတယ်။
ဆောင်းပါးနိဂုံးအနေနဲ့ အဆိုတစ်ခုပြုခဲ့ပါရစေ။
 ပြည်သူ့လွှတ်တော်ထဲမှာ “၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုကြောင်း”  မေးမြန်းခဲ့တဲ့ ဦးသိန်းညွန့်ဟာ “၁၉၉၀ ပြည့် ရွေးကောက်ပွဲရွေးချယ်ခံဖြစ်သူ ကိုယ်စားလှယ်တစ်ဦးအနေနဲ့” သူ့တာဝန်ရှိမှုကို သူ့နည်းသူ့ဟန်နဲ့ ထမ်းဆောင်သွားပဲလို့ အဆိုပြုရင် ခင်ဗျားတို့ဘယ်လိုတုန့်ပြန်ကြမှာပါလိမ့်။


ညွှန်း
- ရွှေဂုံတိုင်ကြေညာစာတမ်း (၂၀၀၉ ဧပြီ ၂၉ )
- မြန်မာ့အလင်းသတင်းစာ (၂၀၁၁ မတ် ၃၀- ၃၁ )
- မြန်မာ့အလင်းသတင်းစာ (၂၀၁၁ သြဂုတ်  ၃၀  )
- ပြည်သူ့ခေတ် ဂျာနယ် (အတွဲ ၂ အမှတ် ၅၈၊ စာမျက်နှာ ၈)
- ၂၀၁၁ ခုနှစ် ၊ မေလ ၂၇ ရက်၊ မသင်းသီရိ နှင့် ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး (ဗွီအိုအေ) သတင်းဌာန
- နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဆောင်ရွက်ချက်သမိုင်းဝင်မှတ်တမ်း ( ၁၉၈၈ ခုနှစ် မှ ၁၉၉၁ ခုနှစ်)


အယ်ဒီတာ့လက်ရေး စက်တင်ဘာ ၁၀၊ ၂၀၁၁
မောင်ရစ်
မိုးမခက အယ်ဒီတာတွေ၊ ဝိုင်းတော်သားတွေအတွက် စာရေးရင်းနဲ့ မိတ်ဆွေတွေ၊ ပရိသတ်တွေအတွက်ပါ သည်စာကို ရေးလိုက်တယ်။ သဘောတခုကတော့ အဆိုင်းမင်းတွေ၊ ပရိုဂရက်စ်တွေ၊ အပ္ပဒိတ်တွေကို ကိုယ်လည်း မရေးနိုင်၊ သူများတွေလည်း မခိုင်းနိုင်နဲ့ စာမူတွေ၊ သတင်းတွေ၊ အိုင်ဒီယာအကြွေးတွေ ပိနေတာတွေကို ထွက်ပေါက်ရှာတဲ့သဘော၊ မနေနိုင်တဲ့သူတွေက ဝင်ရေးအောင်၊ ကိုယ့်ဆီမရေးကြရင်လည်း သူတို့မီဒီယာတွေမှာ သွား ရေးကြလည်း အလုပ်သက်သာတယ်ဆိုတဲ့ သဘောနဲ့ သည်ကဏ္ဍကို စမ်းရေးတာ ဖြစ်တယ်။

စာမူရှင်တွေကို ဖိတ်ခေါ်ပါတယ် - စာမူတွေ၊ သတင်းတွေကို အားလုံးထံက ဖိတ်ခေါ်ပါတယ်။ သတင်းပေးတာမဟုတ်ဘဲ သတင်းရေးတာ လုပ်ကြစေချင်တယ်။ သတင်းကို စာ ၁၅ ကြောင်းလောက် ရေးပါ။ ဓာတ်ပုံလည်း ရိုက်ထည့်နိုင်ရင်ကောင်းတယ်။ လက်ရေးနဲ့ မရေးပေးကြပါနဲ့၊ ကြိုက်တဲ့ဖောင့်နဲ့ စာရိုက်ပြီး ပေးကြပါ။

စာလုံးပေါင်း သတ်ပုံကတော့ တတ်သလောက်စစ်ပေးပါ။ ကျနော်တို့လည်း သိသလောက်တော့ စစ်ပါတယ်။ စာကြောင်းတွေမှာ နစ်ချောင်းပုဒ် "။" ချပြီး အဆုံးသတ်ပါ။ "." တွေ "..." တွေ သိပ်မလုပ်ကြနဲ့။ အောက်ကမြင့် ၂မျိုး ရိုက်လေ့ရှိပါတယ်။ shift Y က (နဲ့) ရှေ့ကိုထွက်နေတဲ့ အောက်ကမြင့်ကလေး။ (h) ကတော့ (တော့) လို့မျိုး အောက်မှာကျနေတဲ့ အောက်ကမြင့်ကို ခွဲခြားပြီး ရိုက်ကြစေလိုပါတယ်။ သတင်းရေးနည်း၊ စာရေးနည်းကတော့ မောင်ဝံသတို့၊ လူထုစိန်ဝင်း၊ ကြေးမုံဦးသောင်းနဲ့ ဟံသာဝတီဦးဝင်းတင်တို့ရဲ့ စာအုပ်တွေ ဖတ်ပြီး ရေး၊ နီးစပ်ရာ သင်တန်းတွေ တက်ပြီးရေးလို့ ရမယ် ထင်တာပဲ။ ကျနော်လည်း ဒါလောက်ပဲ ဖတ်ဖူးတာ။

အိုဘားမားရဲ့ အမေရိကန်တွေအတွက်အလုပ်အကိုင်ဥပဒေပြဋ္ဌာန်းရေး လွှတ်တော်မိန့်ခွန်း - စက်တင်ဘာ ၈ ညနေခင်းက အမေရိကန်သမ္မတကြီး အိုဘားမားက သူတို့လွှတ်တော်မှာ အမေရိကန်စီးပွားရေးကျဆင်းမှုက ဦးမော့လာဖို့ အလုပ်အကိုင်ဥပဒေပြဋ္ဌာန်းရေးအတွက် မိန့်ခွန်းပေးတယ်။ အဲဒါကို ရေးသင့်တယ်။ သူတင်ပြတဲ့အချက်တွေ၊ ပြန်လှန်သုံးသပ်ချက်တွေ၊ ခေါင်းမာမာနဲ့ ငြင်းဆန်နေဆဲ ရှေးရိုးစွဲ အမတ်တွေ၊ နိုင်ငံရေးသမားတွေအကြောင်း၊ တိုင်းပြည်ကြီး ချွတ်ခြုံကျနေတာကို ဥပက္ခာပြုပြီး နိုင်ငံရေးအစွဲတွေ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ အများအကျိုးရှိမယ့်ကိစ္စတွေ အတူတကွ မလုပ်နိုင်ကြတဲ့ ဒီမိုကရက်နဲ့ ရစ်ပတ်ဘလစ်ကန်နိုင်ငံရေးပါတီဝင်တွေ၊ အမတ်တွေအကြောင်းက စိတ်ဝင်စားစရာပဲ။ တချို့နိုင်ငံတွေမှာဆိုရင် ဒီလောက် အရေးကြီးတဲ့အချိန်မှာ သဘောထားကွဲနေတာကို သီးမခံတော့ဘဲနဲ့ လွှတ်တော်ကို ဖျက်သိမ်းတာတို့၊ စစ်တပ်က အာဏာသိမ်းတာတို့၊ သမ္မတကို ဖြုတ်ချတာတို့နဲ့ ဖြေရှင်းပစ်ကြမယ် ထင်တာပဲ။

နိုင်း အီလဲဗင်း ၁၀ နှစ်ပြည့် အမှတ်တရများ - လွန်ခဲ့တဲ့ ၁၀ နှစ် စက်တင်ဘာ ၁၁ မှာ ဘာသာရေးအစွန်းရောက်အကြမ်းဖက်သမားတွေက အမေရိကန်ကို တိုက်ခိုက်ခဲ့ကြတယ်။ နယူးယောက် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ၊ ဝါရှင်တန်ဒီစီက ပင်တဂွန်စစ်ဌာနချုပ်တို့ကို ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့တယ်။ အဲသည်နောက်ပိုင်း ၁၀ နှစ်အတွင်းမှာ ကမ္ဘာကြီးမှာ အမေရိကန်အစိုးရရဲ့ လက်တုန့်ပြန်တဲ့ စစ်မီးတွေတောက်ခဲ့တာပဲ။ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အီရတ်တို့တွေက ပြည်သူတွေဟာ စစ်မီးတွေအောက်၊ အမုန်းတရားတွေအောက် သေကြေပျက်စီးခဲ့ရတာ အများကြီးပဲ။ ၂၁ ရာစုဟာ အကြောက်တရားနဲ့ ခေတ်ကြီး ဖြစ်လာတယ်။ ရိုးသားမှုတွေ မေတ္တာတွေ ပျောက်ဆုံးနေတယ်။ ဒါတွေကို ပြန်လည်ရှင်သန်အောင်လုပ်မှ ကမ္ဘာကြီး လှပမယ်လို့ တနေ့က စာရေးဆရာ၊ ကဗျာဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ချိုတူးဇော်နဲ့ စကားပြောတော့ သူက ပြောလိုက်တယ်။ ရေးချင်းစရာ အကွက်ပဲလေ။ သူကလည်း မရေးဘဲနဲ့ ပြောနေတာပဲ။ ရေးကြပါဦးလား။

မြန်မာပြည်ရဲ့ အထိမ်းအမှတ်လ စက်တင်ဘာ ကဏ္ဍများ - စက်တင်ဘာက စစ်အစိုးရ အာဏာသိမ်း နှစ်လည်၊ ရွှေဝါရောင် နှစ်လည်၊ ပြီးတော့ လူ့အခွင့်အရေးနေ့ ဆိုလား အပြည်ပြည်ဆိုင်ရာနေ့ကို ကြံ့ဖွတ်တပ်မတော်အစိုးရကလည်း ဆင်နွှဲဦးမယ်။ အဲသည်တော့ စက်တင်ဘာမှာ အထူးအနေနဲ့ ရွှေဝါရောင်နှစ်လည် တင်ဆက်မှုတွေ လုပ်ကြစို့လို့ တိုက်တွန်းချင်ပါတယ်။ လက်ရှိမှာ ဦးပညာနန္ဒရဲ့ ဦးလင်းနဲ့ တွေ့ဆုံခန်း ရုပ်သံရှိတယ်။ ဦးဂမ္ဘီရအကြောင်းကို အမှတ်တရပြောထားတာတွေ ရှိတယ်။ မှတ်တမ်းတွေ ပြန်တင်ဆက်မယ်။ စာမူတွေ ရေးကြဖို့လည်း ဖိတ်ခေါ်ကြမယ်ဗျာ။ ဝိုင်းဝန်းကြပါဦး။

လူထုအနုပညာ လှုပ်ရှားမှု ဆိုတဲ့ ပန်းချီထိန်လင်း - လန်ဒန်က အမေရိကန်ကို လာလည်တဲ့ ပန်းချီထိန်လင်းနဲ့ စကားပြောဖြစ်တယ်။ ကိုလိုရာဒိုးပြည်နယ်က ဒင်ဗားနားမှာဆိုတော့ မိုးမခက စာတည်းကိုဦးနဲ့ တွေ့ဖြစ်ဖို့ တိုက်တွန်းလိုက်ပါရဲ့။ သူ့ဖုံးကလည်း ဆက်ဖို့ ခက်လိုက်တာဗျာ။ သူက ဇရာဝတီအရေး လူထုအတိုင်းအတာအလိုက် အနုပညာလှုပ်ရှားမှုတွေ၊ ဖော်ထုတ် တင်ဆက်မှုတွေကို အားပေးဖို့၊ လိုက်လံ ဖော်ထုတ် တင်ဆက်ပေးဖို့၊ လက်ဆင့်ကမ်းဖို့ကို ပြောတယ်။ သူပြောတာတွေကို အင်တာဗျူးလုပ်ပြီး တင်ဆက်ဖို့ လုပ်ရဦးမယ်ဗျာ။ ပြည်တွင်းမှာ လူထု လူတန်းစား အစုံ၊ အလွှာအသီးသီးက လှုပ်ရှားမှုတွေ လုပ်နေကြချိန်မှာ အနုပညာသည်တွေ၊ ဝါသနာရှင်တွေ၊ တဦးတယောက်ချင်းစီကလည်း သူတို့ရဲ့ ခံစားချက်၊ ထင်မြင်ချက်၊ ထုတ်ဖော်ချက်တွေကို နည်းမျိုးစုံနဲ့ လှုပ်ရှားလာတာကို အားပေး ဖော်ထုတ် တင်ပြ ဖြန့်ချိပေးပါ။ ဒါဟာ လူထုအနုပညာလှုပ်ရှားမှုပဲလို့ ပြောတယ်ဗျ။ အဲဒါကို သူနဲ့ စကားပြောပြီး ရေးဦးမှ။

ပြည်တွင်းက ဖိတ်ခေါ်နေသလို ပြည်ပကလည်း ကြိုဆိုနေတယ် - မြန်မာပြည်တွင်းက မီးရှူးမီးပန်းတွေ ဖောက်ပြတော့ ပွဲကြည့်ပရိသတ်က တဟေးဟေး တဟားဟားပေါ့။ မြန်မာပြည်တွင်းက အယ်ဒီတာတွေ အမေရိကန်ကို လာလည်တော့ ပြောဖြစ်တာ ရှိပါတယ်။ ဆရာတို့က ပြည်တွင်းမှာ ရေးလို့ ရသလောက် ရေး၊ ပြောလို့ ရသလောက်ပြော။ သိပ်မရတဲ့ကိစ္စကျရင် သိပ်စိတ်ဆင်းရဲမခံနဲ့၊ အပြင်မှာ ထွက်ရေး၊ အပြင်မှာ ထွက်ပြော။ ပြည်တွင်းနဲ့ ပြည်ပမီဒီယာတွေက တယောက်ကိုတယောက် သိမ်းပိုက်ရမယ့်ဟာ၊ ပြိုင်ဆိုင် နင်းချေနေရမယ့်ဟာတွေ မဟုတ်ဘူး။ အပြန်အလှန် နားလည်မှုတွေ၊ လက်တွဲမှုတွေနဲ့ ချိတ်ဆက်ရမယ့်ဟာလို့ ပြောမိတာ ရှိတယ်။ မြန်မာပြည် စာပေ၊ စာနယ်ဇင်းနဲ့ အနုပညာနယ်ပယ်ဟာ ကိုယ့်နယ်၊ သူ့နယ် သတ်မှတ်ကန့်သတ်ရမယ့် အချိန်ကို ကျော်သွားပြီ၊ ပြည်တွင်း ပြည်ပ နယ်ပယ် အကျယ်ကြီး ဖြန့်ကျက် နေရာယူ လက်တွဲ ချိတ်ဆက်ရမှာလို့ ပြောချင်တယ်။ ပြည်တွင်းက ဖိတ်ခေါ်နေသလို ပြည်ပကလည်း ကြိုဆိုနေတယ်၊ မိတ်ဆွေတွေ အချင်းချင်း ဆက်ကြပါ။ ပြည်တွင်း ပြည်ပ ပရိသတ်ကိုလည်း တသားတည်းထားပြီး စည်းရုံးရေးသားကြပါလို့ ဆိုချင်တယ်။

ကဲ ... အယ်ဒီတာ့လက်ရေးကတော့ စာလုံးပေါင်းလည်း မှား၊ လက်ရေးကလည်း ဆိုး ဆိုတော့ ပရိသတ်က ဖတ်ပြီးတော့ မေတ္တာပို့ကြလိမ့်မယ် ထင်ရဲ့။ လုပ်ချင် ရေးချင် ပြောချင် ဖော်ချင်တဲ့ အကြွေးတွေ လက်တို့လိုက်တယ်ပဲ မှတ်ကြပေတော့ဗျာ။ တွေ့ကြသေးတာပေါ့။ စာပြောင်ဆရာ ရန်လိုကျွဲရဲ့ ကတော် နန်ကရိုင်းတယောက်လည်း ကျန်းမာလန်းဖြာပြီး သားကောင်းမိခင်ဖြစ်ပါစေ။ ပြည်တွင်းအယ်ဒီတာတွေလည်း ချစ်သူချင်းနီးပြီး၊ မလိုသူတွေနဲ့ ဝေးကြပါစေ။

မြန်မာပြည်ဟာ ပြည်တော်ပြန် လုပ်စားတွေနဲ့ အသင့်တော်ဆုံးပါ
"ဟာသ ဂွင်ဖန်သူ ဂေါ်ဖီအာ နှင့် တွေ့ဆုံခြင်း"
အယ်ဒီပြာတဦး၊ စက်တင်ဘာ ၁၀၊ ၂၀၁၁
နိုင်ငံကျော် သမ်မဒကြီး ဦးသိန်းလိမ်သည် ပထမအကြိမ် ပြည်"ထောင်"စုလွှတ်တော် ပထမနေ့အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းတွင်

"ပြည်ပရောက်နေသော မြန်မာနိုင်ငံသားများ ပြန်လာမည်ဆိုပါက ကြိုဆိုပါကြောင်း၊ သဘောထား မတူသည်များကို ဘေးဖက်ကာ တူသည့် "အကွက်"များကို အတူတူ"ဝှင်"ဖန် စားနိုင်ကြောင်း ထည့်သွင်းပြောကြားကာ ကမ်းလှမ်း ဖိတ်ခေါ်လိုက်သဖြင့် ပထမဆုံးအနေဖြင့် နိုင်ငံကျော် ဟာသအနုပညာရှင်များထဲမှ "ဂေါ်ဇီအာ"နှင့်အဖွဲ့ ပြည်တော်ပြန်လာတော့မည်ဖြစ်ရာ "ဂေါ်ဇီအာ"နှင့် အင်တာဗျူးသည်တို့ကို ဖေါ်ပြလိုက်ပါသည်။

မေး။ ။ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံကို ပြန်လာဖို့ ဘာကြောင့် စိတ်ကူးလိုက်တယ်၊ စီစဉ်လိုက်တယ်ဆိုတာလေး သိပါရစေ။
ဂေါ်ဇီအာ။ ။အတူတူတွဲပြီး "ဝှင်"ရိုက်နိုင်မယ်ထင်လို့ပါ။ ဒါကြောင့်လည်း ဟိုလူသည်လူတွေ ဝှင်သွားမဖန်ခင် ကျနော်တို့ အရင်ဆုံး ဝှင်ဖန်နိုင်အောင် ကတိုက်ကရိုက်စီစဉ်လိုက်တာဗျ။ ကျနော်တို့လို ဝှင်ဖန်ဖို့ ချောင်းနေတဲ့သူတွေက မနည်းဘူးလေ။ ဟိုမီဒီယာ သည်မီဒီယာတွေအပြင် သံရုံးတွေမှာ ပြန်ပြီး ဝှင်ရှာဖို့ စာရင်းပေးထားတာ ၁၀၀ ကျော်လောက်ရှိနေပြီဗျ..။ ဆိုတော့ သူများထက်စောပြီး ပြန်မှ ပိုအဆင်ပြေမှာ..။ ဟဲ ဟဲ.. လက်ဦးမှု ရယူလိုက်တာပေါ့ဗျာ..။

မေး။ ။ပြည်တော်ပြန်မယ်ဆိုရင် အနုပညာအလုပ်တွေ ဆက်လုပ်ခွင့်ရမယ်ထင်လား..။
ဂေါ်ဇီအာ။ ။ ရမှာပါ.. ရမှာပါ..။ ပထမပိုင်းမှာတော့ သူတို့လုပ်စေချင်တဲ့ ပေါ်လစီကား ၂ ကားလောက်ရိုက်ပေးလိုက်ပြီး ရင် ကျနော်တို့ ဝှင်တွေ လုပ်ပိုင်ခွင့်တွေ ရမှာပါ။ အနုပညာ အလုပ် လုပ်ခွင့်မရလည်း အရေးမကြီးပါဘူး။ "ဝှင်"မိမှ "စင်" ရှိမှာကိုးဗျ။

မေး။ ။လေးစားလောက်ပါတယ်ဗျာ..။ ခင်ဗျားတို့ "ဆရာ" အထဲက ပြန်ထွက်လာဖို့ ဘာညာ အပေးအယူ မလုပ်ဘူးလား။ သူပြန်ထွက်လာတဲ့အထိ ဘာလို့ မစောင့်တာလဲ။
ဂေါ်ဇီအာ။ ။ သူပြန်ထွက်လာဖို့ လူကြားကောင်အောင်တော့ ကျနော်တို့ တောင်းဆိုရမှာပေါ့။ အဲ.. အဘတို့ ခွင့်ပြုရင်ပေါ့ လေ..။ နောက်.. ကျနော်တို့ဆရာ ပြန်ထွက်လာမှ ဆိုရင် .. ပြန်လို့မဖြစ်ဘူးဗျ။ သူရှိရင် မလုပ်ရဲပေမယ့် သူမရှိတုန်း "ဝှင်"လေး လည်း ပေါ်တုန်း ပြန်ထားရတာ.. ဟဲ..။

မေး။ ။ကိုဂေါ်ဇီအာက စကားပြောတဲ့ထဲမှာ "ဝှင်" "ဝှင်"နဲ့ အတော်ပြောတယ်နော်။ ဘယ်လို"ဝှင်"တွေလဲဗျ။ အခုပြည်ပမှာရော ခင်ဗျားပြောတဲ့ "ဝှင်"တွေ မရှိဘူးလား။
ဂေါ်ဇီအာ။ ။အင်း..ခင်ဗျားက မီဒီယာသမားလုပ်ပြီး အတော် အောက်တာပဲ။ ဘယ်လိုဝှင်လဲဆိုတော့... စားပေါက်ဝှင်ပေါ့ ဗျ။ အခုခေတ်က "ဝှင်" ခေတ်ဗျ။ ပြောခဲ့ပါပကော.. "ဝှင်"ရှိမှ "စင်"ရှိတာပါလို့..။ နောက်.. ပြည်ပမှာ ဝှင်တွေ ရှိတာပေါ့ဗျာ..။ အများကြီး..။ အဲ.. ဒါပေမယ့် ကျနော်တို့က မတိုးနိုင်ဘူးဗျ။ ကိုယ့်ထက်စောရောက်တဲ့ "ဝှင်" ဆရာကြီးတွေက သူတို့"ဝှင်" ကို အထိမခံဘူးဗျ။ "မယားထိ ရင်ထိ.. ဝှင်တော့ မထိနဲ့ " ဆိုတာမျိုး။ ကျနော်တို့က အချောင် ဝှင်မိမလား ထင်ထားတာ..။ အခု အခြေအနေအရ "အပြင်ဝှင်" ထက် "အထဲဝှင်"က ပိုမိတယ်လေ..။

မေး။ ။သြော်.. လေးစားလောက်တယ်ဗျာ..။ ခင်ဗျား ပြည်တော်ပြန်တယ်ဆိုတော့ ဒီမိုကရေစီ ကိစ္စ ဆက်မလုပ်တော့ ဘူးလား။ အထဲက ပြန်ရောက်ရင် ဘာလုပ်မယ်စိတ်ကူးလဲ
ဂေါ်ဇီအာ။ ။ဝှင်မိတာ အကုန်လုပ်မှာပေါ့။ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ဒီမိုကရေစီ ရဖို့ လုပ်မယ်လေ..။

မေး။ ။ဟာ.. ဒါတော့ လေးစားတယ်ဗျာ..။ မြန်မာပြည် ဒီမိုကရေစီရဖို့ ဆက်လုပ်မယ်ပေါ့.. ဟုတ်လား
ဂေါ်ဇီအာ။ ။ဒီလိုမဟုတ်သေးဘူးဗျ။ ကျနော်ဆိုလိုတဲ့ ဒီမိုကရေစီက ပြည်သူတွေအတွက် ဒီမိုကရေစီ မဟုတ်ဘူး။ နိုင်ငံတော် ဒီမိုကရေစီ ဗျ။

မေး။ ။ဘယ်လို.. ဘယ်လို..
ဂေါ်ဇီအာ။ ။ခင်ဗျား ကို နားလည်အောင် ရှင်းပြရရင် အခု ကျုပ်တို့တိုင်းပြည်မှာ နိုင်ငံတော် လူကြီးတွေနဲ့ ပတ်သက်ရာ အဝန်းအဝိုင်းတွေက ဒီမိုကရေစီ ရနေပြီဗျ။ လုပ်ချင်တာ လုပ်ခွင့်ရတယ်။ ရေးချင်တာရေး၊ ပြောချင်တာပြော၊ စားချင်သလိုစား၊ အားလုံးပြည့်စုံကြွယ်ဝပြီး တိုးတက်သာယာတဲ့ ဒီမိုကရေစီရနေကြပြီလေ။ ဒီတော့ သူတို့နဲ့ပေါင်းပြီး သူတို့လို ဒီမိုကရေစီရဖို့ သူတို့နဲ့ပေါင်းရမှာပေါ့ဗျ..။

မေး။ ။ပိုပိုပြီးတော့ကို လေးစားရပါတယ်ဗျာ..။ သောက်ကျိုးနည်း လေးစားပါတယ်။ ဆိုတော့.. ခင်ဗျားတို့ပြန်ရင် ပြည်တွင်းက အရင်လို အားပေးဦးမယ် ထင်မိလားဗျ။
ဂေါ်ဇီအာ။ ။ အရင်လိုတော့ ဘယ်ရတော့မလဲဗျာ..။ပြောရရင် ကျနော်တို့မှာ ရန်သူ ၂ ဖက်ရှိနေတယ်ဗျ။ ပြည်ပက ကျနော်တို့ကို ဆဲမယ်။ ပြည်တွင်းက အားပေးခဲ့တဲ့ ပရိသတ်က ဆဲမယ်။ အဲ.. လူကြီးတွေကတော့ သူတို့ဆင်တဲ့ဝှင်ထဲ ဝင်လာသူတွေဆိုပြီး အစပိုင်းမှာတော့ အခွင့်အရေးတွေ ပေးမယ်လေ...။ အခွင့်အရေးလေး ရတုန်းယူထားမယ်ပေါ့ဗျာ။ စွန့်စားရတာပေါ့ဗျာ...။နောက်ပိုင်း အပြောင်းအလဲဖြစ်တော့လည်း နောက်ဝှင်ပေါ့။

မေး။ ။အဲဒီတော့..။ လက်ရှိ လူကြီးတွေက ခင်ဗျားတို့ "ဝှင်"ဖန်တာကို ကြည်ဖြူမယ်ထင်လား
ဂေါ်ဇီလာ။ ။ မကြည်ဖြူပေမယ့် လတ်တလော သူတို့အတွက် ကျနော်တို့လိုလူတွေလိုတယ်လေ။ ဒီတော့ သူတို့က ကျနော်တို့ကို အသုံးချမယ်။ ကျနော်တို့ကလည်း သူတို့ကို ပြန်အသုံးချမယ်။ မပိုင်ဘူးလားဗျာ.. ဟဲ ဟဲ..။

မေး။ ။သောက်သောက်လဲကို လေးစားရပါတယ်ဗျာ..။ လူပျက်ကြီး ကိုဂေါ်ဇီအာတယောက် ရှေ့ကိုဆက်ပြီးတော့ ဝှင့် ဝှင် ဝှင်း နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အမေရိကန်လွှတ်တော်ရောက် မြန်မာ ဆုရှိလုပ်ငန်းရှင်

VOA မြန်မာပိုင်းအစီအစဉ်ကောက်နုတ်ချက်၊ စက်တင်ဘာ ၁၀၊ ၂၀၁၁
မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ဦးဖိလစ်မောင်ဟာ အမေရိကန် ပြည်ထောင်စုမှာ အောင်မြင်တဲ့ အသေးစား စီးပွားရေး လုပ်ငန်းရှင်တဦးအဖြစ် သမ္မတ အိုဘားမားက ကြာသပတေးနေ့က သမ္မတ အိုဘားမား လွှတ်တော်မှာပြောတဲ့ စီးပွားရေးဆိုင်ရာမိန့်ခွန်းကို သမ္မတကတော် မစ်ရှဲလ်အိုဘားမားနဲ့အတူ တက်ရောက်နားထောင်ခွင့်ရခဲ့ပါတယ်။ ဦးဖိလစ်မောင်ဟာ အမေရိကန်နိုင်ငံက ပြည်နယ်ပေါင်း ၂၈ ခုမှာ ဆိုင်ခွဲပေါင်း ၄၀၀ ကျော်နဲ့ ဆူရှီကုမ္ပဏီထူထောင်ပြီး လုပ်ငန်းလည်ပတ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ပါ။ သူနဲ့ သမ္မတအိုဘားမား ဘာတွေပြောဆိုခဲ့ကြသလဲဆိုတာ သိရအောင် ကိုကျော်အောင်လွင်က ဆက်သွယ်မေးမြန်းထားပါတယ်။

သမ္မတ ဘရက်အိုဘားမား နဲ့ သမ္မတကတော် မစ်ရှဲလ်အိုဘားမားတို့က ဦးဖိလစ်မောင် ကို လွှတ်တော်ထဲအထိ ခေါ်ပြီးတော့တွေ့ဆုံတယ်။ အဲဒီအကြောင်း ကျနော့်ကို ရှင်းပြပါခင်ဗျ။ ဘာကြောင့် တွေ့ဆုံရတာလဲ။ တွေ့ဆုံတဲ့အခါမှာ ဘာတွေပြောသလဲ။ တခြား ဘယ်သူတွေနဲ့ တွေ့ခဲ့ဆုံခဲ့သလဲ ဆိုတာပါ ရှင်းပြပါခင်ဗျ။ -
"အခုချိန်မှာ ကုမ္ပဏီတော်တော်များများ စီးပွားကျနေတဲ့အချိန်မှာ ကျနော်တို့ ကုမ္ပဏီက ဘာကြောင့် စီးပွားတွေ တက်နေတယ်။ ကုမ္ပဏီတော်တော်များများ ဝန်ထမ်းတွေ လျှော့နေတဲ့အချိန်မှာ ကျနော်တို့က ဘာဖြစ်လို့ ဝန်ထမ်းတွေ ထပ်ပြီးတော့ ငှားရမ်းနေလဲ။ ပြီးတော့ သူတို့ ဂုဏ်ယူတဲ့အကြောင်းနဲ့ American dream ဆိုပြီးတော့ သူတို့ ဥပမာပြချင်တဲ့သဘောလည်း ပါတာပေါ့နော်။"
ဆိုတော့ ဦးဖိလစ်မောင်က သမ္မတမေးတဲ့ မေးခွန်းတွေကို ဘယ်လို ပြန်ဖြေခဲ့ပါသလဲခင်ဗျ။ ဒီလို စီးပွားကျနေတဲ့အချိန်မှာ အောင်မြင်ရတာ ဘယ်လိုအချက်ကြောင့်ပါလဲ။ -
"ကျနော်ကတော့ အဓိက အချက်ကတော့ ကျနော်တို့ ကုမ္ပဏီရဲ့ culture လို့ခေါ်တာပေါ့နော်။ ကျနော်တို့ အဓိကရည်ရွယ်ချက်က ကိုယ့်ရဲ့ဝန်ထမ်းတွေကို ပျော်အောင်လုပ်၊ သူတို့ပျော်အောင်လုပ်ရင် သူတို့က ကျန်တဲ့အလုပ်တွေကို အောင်မြင်အောင် လုပ်သွားမယ်လို့ ကျနော် ထင်တယ်လေ။ ကျန်တဲ့ဥစ္စာတွေကတော့ သူ့ဟာသူ ဖြစ်လာလိမ့်မယ်။ သူတို့ကို မိသားစုလို ဆက်ဆံ၊ သူတို့ကို လေးစားတယ်ဆိုရင် သူတို့က သစ္စာရှိရှိနဲ့ အကုန်လုံးလုပ်လို့ အောင်မြင်တယ်လို့ ထင်တာပဲ။ တဦးနဲ့တဦး၊ တယောက်နဲ့တယောက် အကျိုးပြုတဲ့သဘောမျိုးပေါ့။"
သမ္မတ အိုဘားမား မနေ့တုန်းက ပြောသွားခဲ့တဲ့ မိန့်ခွန်းထဲမှာ အသေးစား စီးပွားရေးလုပ်ငန်းတွေကို အများကြီး ကူညီမယ်ဆိုပြီးတော့ ဘီလျံနဲ့ကိုချီပြီးတော့ ကူညီမယ်လို့ သူ လွှတ်တော်ကို တင်ပြတာရှိတယ်ခင်ဗျ။ ဦးဖိလစ်မောင် တို့ကိုရော ငွေရေးကြေးရေးအရ ထောက်ပံ့ပြီးတော့ လုပ်ငန်းတွေ တိုးချဲ့ဖို့အတွက် သမ္မတက အစီအစဉ်တွေ ဆွေးနွေးတာ ရှိပါသလား။ -
"တဦးချင်းရယ်လို့တော့ ကူညီဖို့တော့ သူ့မှာ အစီအစဉ် မရှိပါဘူး။ သူ့အနေနဲ့က အသေးစားလုပ်ငန်းတွေ အားလုံးကို အခွန်လျှော့ပေးမယ်ဆိုပြီးတော့ လူတိုင်းကို ကူညီဖို့၊ အလုပ်သမားပိုငှားဖို့ အဲဒါတွေကိုတော့ အဆိုပြုထားတဲ့ အစီရင်ခံစာထဲမှာ ပါပါတယ်။"
တခြားရော သမ္မတနဲ့ ပြောဆိုတဲ့အထဲမှာ ထူးခြားချက်တွေ ဘာတွေရှိပါသလဲခင်ဗျ။ -
"အဓိက ကတော့ လုပ်ငန်းကိုင်ငန်းအကြောင်းပဲ ပြောတာများပါတယ်။ နိုင်ငံမှာ လတ်တလောဖြစ်နေတဲ့ လူတွေ စီးပွားရေးလုပ်ငန်းကျနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဘယ်လို ပြန်ပြီးတော့ ကောင်းအောင်လုပ်မယ် ဆိုတဲ့ အဲဒီကိစ္စတခုပဲ အဓိကထားပြီး ပြောပါတယ်။ သူကလည်း အချိန်တော့ သိပ်မရဘူး။"
မြန်မာနိုင်ငံမွေးဖွားခဲ့တဲ့ ဦးဖိလစ်မောင်က အခု အမေရိကန် သမ္မတနဲ့ သမ္မတကတော်နဲ့ပါ တွေ့တယ်၊ လွှတ်တော်ထဲမှာ နမူနာ ပြရလောက်အောင်ကို အောင်မြင်တဲ့စီးပွားရေးသမား တယောက်ဖြစ်ပါတယ်။ ဆိုတော့ ကိုယ့်ရဲ့စီးပွားရေး လုပ်ငန်းတွေကို ဘယ်လောက်အထိ အောင်မြင်အောင် ဆက်လုပ်ဖို့ စိတ်ကူးတွေ ရပါသလဲ။ -
"ကျနော်တို့ ကုမ္ပဏီ ဘယ်လောက် အောင်မြင်မအောင်မြင် တိုင်းတာတာကို ကျနော်တို့ ဆိုင် ဘယ်လောက်ချဲ့နိုင်သလဲ၊ ကျနော်တို့ ပိုက်ဆံ ဘယ်လောက်ရသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့တော့ ကျနော်တို့ တိုင်းထွာလေ့မရှိပါဘူး။ ကျနော်တို့ ဘယ်လောက်အထိ စားဝတ်နေရေး မအောင်မြင်တယ်၊ အောင်မြင်တယ် ဆိုတာကိုကြည့်ပြီးတော့ တိုင်းတာပါတယ်။ အဲဒါကိုပဲ သမ္မတကို ကျနော်ပြောပါတယ်။ နိုင်ငံတိုးတက်တာနဲ့ ကုမ္ပဏီနဲ့ အတူတူပဲ။ ကုမ္ပဏီတခု တိုးတက်တယ်ဆိုတာ ဘယ်လောက် ပိုက်ဆံရှာနိုင်သလဲ အပေါ်မှာ မမူတည်ဘူး။ ကိုယ့်ရဲ့ ဝန်ထမ်းတွေ ဘယ်လောက် ကျနော်တို့ ကြည့်ပေးနိုင်သလဲ၊ စောင့်ရှောက်ပေးနိုင်သလဲ ဆိုတာပဲ။"
ဦးဖိလစ်မောင်ကို အမေရိကန်က ဘီလျံနာ သူဌေးကြီးလို့ ပြောလို့ရပြီလား၊ မီလျံနာ လို့ပြောရမလား။ -
"ကျနော့်ကိုကျနော်တော့ အဲဒီလိုအထိတော့ မသတ်မှတ်သေးပါဘူး။ ကျနော် အလုပ်တခု လုပ်နေတာ ပိုက်ဆံတခုတည်းကြောင့် မဟုတ်ပါဘူး။ ကျနော် အလုပ်တခုကို မပျော်တဲ့အချိန်ကျရင်တော့ ကျနော် ဒီလုပ်ငန်းမှာ လုပ်တော့မယ်မထင်ဘူး။ နောက်လူတွေကိုလည်း ကျနော့်အနေနဲ့ အကြံပေးချင်တာက အလုပ်လုပ်တယ်ဆိုရင် ပျော်လို့လုပ်တာလား။ အလုပ်ကို ပိုက်ဆံကြောင့် တခုတည်းနဲ့တော့ မလုပ်စေချင်ဘူး။ ဘဝဆိုတာ တိုတိုလေးပဲ။ မပျော်တော့တဲ့အချိန်ကျရင် ဒီအလုပ်ကို ဘာလို့ဆက်လုပ်မှာလဲ။"
ဦးဖိလစ်မောင်ကို ကျေးဇူးအများကြီး တင်ပါတယ်။
(News & Photo from VOA Burmese News Website)

သူတို့အတွက်ဆည်းဆာ ကိုယ့်တို့အတွက်အရုဏ်

ကံထွန်းသစ်
စက်တင်ဘာ ၁၀၊ ၂၀၁၁

ပန်းချီအား ဤနေရာမှယူပါသည်။

ကိုယ့်အစ်မတစ်ယောက်ပို့လိုက်သည့် ပါဆယ်လေးကိုဖွင့်လိုက်သောအခါ မဂ္ဂဇင်းလေးတစ်အုပ်၊ ဆည်းဆာ ရောင်စုံဟပ်နေသည့် မြစ်တစ်စင်းပုံနှင့်မျက်နှာ ဖုံးလေး၊

နောက်ကျော ဖုံးမှာ တော့"ထလော့မြစ်မင်း ရော"တဲ့။ ဆရာဒဂုန်တာယာ၏ကဗျာလေးက နေရာယူလျှက်၊ ကဗျာကိုတိုးတိုးညည်းမိရာအဆုံးမှာတော့ ....

မြစ်မင်းဧရာဝတီ ထလော့ လှလော့ ကလော့ ကလော့ရောဝ တီ ရေတွေစီးလော့။

ကိုယ့်ညာဘက်ရင်အုံသည် ဒိတ်ဒိတ်နှင့်တိုးလာတော့သည်၊ လှိုင်းကြက်ခွပ်လေးများနှင့် တငြိမ့်ငြိမ့်စီး နေသောဧရာဝတီသည် ကိုယ့်ရှေ့ သို့ရောက်လာတော့သည်။

"ဗွမ်း" ကနဲစုန်ဆင်းလိုက်သည်။ ကိုယ့်တို့ညီအစ်ကိုတတွေ ကူးကြခတ်ကြနှင့် သောင်စပ်မှာ၊ သောင်ထွန်း၍ ကမ်းဆိပ်သာချိန် ခုလိုတပေါင်း မှာ ရွာသားတို့ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေချိုးဆင်းကြမြဲ။ အဒေါ်တွေ အစ်မတွေ နမတွေကလဲ အဝတ်လျှော်ကြ ခေါင်းလျှော်ကြနှင့် မြစ်ရိုးသည် နိုးထလျှက်။

ရွာ့ခေါင်းရင်းမလှမ်းမကမ်းမှ ကွေ့၍စီးဆင်းသွားသော မြစ်မင်းဧရာဝတီ၊ ဥတုသုံးပါးလုံး အလှမဆိတ်သည့်မြစ်။ ဆောင်းရာသီနှင်းမှုံကြား တွင်ဖြစ်စေ၊ မှသ်သုံဦးလှိုင်းမြူးချိန်မှာဖြစ်စေ၊ လှေမဆိတ် လူမတိတ်နှင့် လှမြဲလှ လျှက်သာ။

ဝါဆိုဝါခေါင် ရေတွေဖောင်သည့်အခါတွင်တော့ ရွာဦးရွှေဒါလီစေတီနံဘေး ချောင်းကလေးမှ မြစ်ရေတို့စီးဝင်ကာ ကိုယ်တို့ရွာကလေးရေတွေဖွေးတော့သည်။ ထိုအချိန်တွင် နွားစာကျင်းများက သူ့အိမ်ကိုယ့်အိမ်လှည့်လည်စရာ လှေငယ်လေးတွေ ဖြစ်ခဲ့ပေ့ါ။

ရေဝင်ကြာလျှင်တော့ ကျွဲတွေ နွားတွေကို ရေလွတ်ရာကုန်းတွင်းပိုင်းဆီ ပို့ကြရမြဲ။ ကုန်းဆယ်သူဆယ်၊ ကန်သင်းဖို့သူဖို့၊ နွားတို့အတွက်တလှည့်ကျေးရူးပြုကြနှင့် မမောနိုင်မပန်းနိုင်။ သို့တိုင် ဧရာဝတီကို အပြစ်မမြင်အား။

ရေဦးပေါက်စတွင်လည်း အညာဆီကမျောလာခဲ့သော ထင်းတွေကိုအပြိုင်ဆည်ကြ၊ ရှင်ဥပဂုတ်ဖေါင်ပူဇော်မျှောကြနှင့် မြစ်ရိုးနေတို့၏ ဓလေ့ဘာသာများ။

မြစ်ရေကျသွားသည့်အခါမှာတော့ နုံးတင်ခဲ့သည့်မြေမှာ ထွန်ကြယက်ကြနှင့် နွားငေါက်သံတွေ ကွင်းလုံးဝေ တော့သည်။ သို့တွေးနေစဉ် ကိုယ့်ရင်သည် ကျင်ကနဲ နာကျင်သွားပြန်သည်၊ သည်ဧရာဝတီပေ့ါ၊ သူလေ .. သူ ... "တစိမ်းဆန်သည့်ဧရာဝတီ" ဟု ရွှေအမြုတေမဂ္ဂဇင်းတွင် ရေးခဲ့ဖူးသည့် ဝတ္ထုလေးက ရုတ်ချည်းပေါ်လာသည်။ ကိုယ့်တို့ညီမလေး "မတူး" ရဲ့အကြောင်း၊ ရေအလျှင်တွင် နစ်မွန်းဆုံးပါးသွားခဲ့သော ညီမလေး၊ ညီမလေးရေ၊ သို့နှယ် ကြေကွဲဖွယ်ကိုပေးခဲ့သော်ငြား ကိုယ်တို့ဧရာဝတီကို မစိမ်းနိုင်။ သူ့ကျောပေါ်မှာစီးနင်း၍ ခရီးစုံဆန် အတန်တန်ပင်။

သည်မြစ်ကမ်းမှာ ကိုယ့်အမေလွမ်းတမ်တခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ကိုယ့်အမေ ကိုယ့်ကိုမျှော်နေခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ကိုယ့်အဖေ ကုန်ကူးသွားခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ကိုယ့်အစ်မတွေ ကိုယ့်နမတွေ ဈေးသွားကြ ကျောင်းတက်ကြဖူးသည်။

သည်မြစ်ကမ်းမှာ တံငါလှေတွေ ဆိုက်ကပ်ခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ဝါးဖောင်ကြီးတွေဆိုက်ကပ်ခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ အိုးလှေတွေဆိုက်ကပ်ခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ရွာ့နွား ရွာ့ကျွဲတို့ရေသောက်ဆင်းခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ ရွာ့လုံမတို့အတွက် လုလင်တွေတွေးသီခဲ့ဖူးသည်။

သည်မြစ်ကမ်းမှာ .... .... ...

ဂဏန်းချ၍ ကိုယ်ရေတွက်နေမိစဉ်၊ သင်္ဘောတစ်စင်း၏ တူ.. တူ.. ဟု ဥသြဆွဲသံကို ပဲ့တင်ကြား ယောင်မိပြန်သည်။

မွန်းတည့်လုချိန်ဆို မန္တလေးနှင့်ပြည်ပြေးဆွဲနေသည့် ပြည်ကုတို့သင်္ဘော ဧရာပေါ်မှာ ပေါ်လာမြဲ။ ကျေးလက်နေတို့အတွက် အချိန်မှတ်စရာ နာရီတမျိုးပင်။ သင်္ဘောကြီးဟုခေါ်သည့် အညာဆန်ကြီးကိုလည်း ရက်ခြားဆန်တက်သွားတာကို တွေ့ရတတ်သည်။

ထိုသို့တွေ့နေကျ အဖြူရောင်သင်္ဘောများအပြင် အမဲရောင်သင်္ဘောကြီးများကိုလည်း မကြာခဏတွေ့ရတတ် သည်။ ရေနံတင်သင်္ဘောကြီး များနှင့် ပြောင် ၂၁၊ ကြံ ၁၈၊ စသည့်အမည်များနှင့် သောင်တူးသင်္ဘောကြီးများ။

တပေါင်းတန်ခူး ရောဝတီရေနည်းချိန်ဆိုလျှင် ထိုသောင်တူးသင်္ဘောကြီးတို့ ရောက်လာကြစမြဲ။ ထွန်းနေ သောသောင်များကို တူးဖြိုပေးကြ သည်။ ပြောင်းလွယ်သော ရေကြောင်းကို မစောင်းတိမ်းအောင် သောင်များ ကိုဖယ်ရှားပေးကြသည်။

ဗြိတိသျှအစိုးရလက်ထက်ကတည်းက စီမံထားခဲ့သောရေကြောင်းထိန်းသိမ်းမှုများပင်၊ နောင်ကိုယ်တို့အရွယ် ရောက်လာတော့ ထိုသင်္ဘော ကြီးများကို မတွေ့မြင်ရတော့ချေ။ တစတစသောင်တွေကျယ်ပြောလာခဲ့ သည်ကိုသာ သတိထားမိသည်။ တဖက်သောင်ထွန်းလျှင် တဖက်ကမ်းပြိုမြန်ယာမအတိုင်း ကမ်းနံဘေးရွာလေး တချို့ ကမ်းပြိုသည့်ထဲပါခဲ့ကြသည်။ ဟိုအရှေ့ဖက်ကမ်းမှာတော့ သဲသောင်ပြင်ကြီး တမျှော်တခေါ်။

ငါးမြောကဆေးဟုနာမည်ကြီးခဲ့သော ငါးမြောကြီးရွာဆိုလျှင် မြစ်နှင့်ဝေးစွာကျန်ခဲ့ပြီ။ မြစ်ကြောင်းသည် ထိန်းသူမဲ့ခဲ့ပြီ။ ကြံတို့ ပြောင် တို့ဆိုသည့်သင်္ဘောကြီးတွေ ဘယ်ရောက်ကုန်ပါလိမ့်။ နောင်မှသိရသည်၊ အမှတ်မထင် ထိုသောင်တူးတပ်မှာ အမှုထမ်းခဲ့ ဖူးသော အဖိုးအိုတစ်ဦးနှင့်ဆုံမှ "သက်သက်လောင်စာဆီကုန်တယ်" ဆိုပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးက ဖျက်သိမ်းခိုင်း လိုက် သည်တဲ့။ နယ်ချဲ့ဆိုသူ၏ သိမ်းယူထားသော မြေပေါ်ထားသည့် အမြော်အမြင်နှင့် မျိုးချစ်ဆိုသည့်ပုဂ္ဂိုလ်တို့၏ အမြော်အမြင်နှစ်ခုကို နှိုင်းယှဉ်ကြည့် တတ်ခဲ့သည်။

ယခုလည်းလာပြန်ချေပြီ။ "ဆရာထက် တပည့်လက်စောင်းတုံး"ဟု ဆိုးရိုးပင်ပြောင်းရတော့မည့်ထင့်၊ ဆိုးမွေဆက်ခံသူများ၏ ဂုဏ်ယူ ဝမ်းမြောက်စွာ ကြွေးကြော်နေသံများ နားမဆံ့ကြားရသည်။ ရင်မဆံ့အောင်ခံစားရသည်။ သူရို့လက်ထက်မှာ တံတားကြီးက ဘယ်နှစ် စင်း၊ ရေကာတာကြီးကဘယ်နှစ်ခု စသည့်စသည့်ဂုဏ်ဖော်သံများ၊ ထိုအသံတို့ကိုသာ ထပ်တလဲလဲ ဂုဏ်ယူစွာကြွေးဝါနေခဲ့သည်။ တံတား တိုင်နှင့်တိုက်မိ၍ တိမ်းမှောက်သွားသောသင်္ဘောများ၊ သေဆုံးသွားသောပြည်သူများ ရေလွှမ်း၍ ပျက်စီးသွားသော စိုက်ခင်းများစသည်ကိုမူ ဘယ်သောအခါမှ ပြည်သူတို့သိရမည်မဟုတ်ချေ။

ထိုစဉ်က ပြောခွင့်မသာခဲ့သည့် စကားလေးတွေကို ယခုပြောပြလိုက်ချင်သည်။ ဗြိတိသျှအစိုးရလက်ထက်က အဖြစ်အပျက်ကလေးတစ်ခု....

ရေကြောင်းဌာနနှင့် လမ်းတံတားဌာနတို့၏ပြဿနာ၊ ဧရာဝတီမြစ်ပေါ် တံတားတွေထိုးကာ လမ်းတွေတိုးချဲ့ ဖောက် ဖို့အဆိုတင်သွင်းသောအခါ ရေကြောင်းဌာနက ကန့်ကွက်ခဲ့သည်တဲ့။ "ယခုလို မလိုအပ်ဘဲတံတားတွေထိုးခြင်းသည် မြစ်ကြောင်းတိမ်ကော ပျက်စီးနိုင်ကြောင်း၊ လူတွေကမော်တော်ကားကိုသာ အသုံးများပြီး ရေကြောင်းကို အသုံးမပြုသောအခါ လုပ်ခတ်မှုမရှိ၍အနည်ထိုင်လွယ်ကာ မြစ် ကြောင်းများတိမ်ကောလာတတ်ကြောင်း၊ ဒါကြောင့် ရေကြောင်းကိုသာ တွင်တွင်သုံးသင့်ကြောင်း ထောက်ပြခဲ့သည်။ ခိုင်လုံသော ထိုအကြောင်းပြကြောင့် လမ်းတံတားဌာနက စီမံကိန်းကိုပယ်ဖျက်ပေးခဲ့သည်တဲ့။

ဒီအကြောင်းကိုရော သူတို့တစ်တွေသိမှသိခဲ့ပါလေစ။ သိလျှင်ကော တန်ဘိုးထားမှ ထားကြမှာပါစ။ အသိပညာရှင် အတတ်ပညာရှင်တို့ နေရာမဲ့ခဲ့သည်မှာ ကြာပြောင်းခဲ့ပြီမဟုတ်လား။

မျက်စိတဆုံးကြည့်သောနယ်ချဲ့နှင့် မျက်မွှေးတဆုံးကြည့်သော မျိုးချစ်ဆိုသူတို့ကို ဘယ်သူကသူ့ပေါ်ပိုချစ်တယ်ဆိုတာ ဧရာဝတီအသိ ဆုံးဖြစ်ပေမည်။

တကယ်လို့ ဧရာဝတီရဲ့လှိုင်းကြက်ခွက်သံလေးတွေကိုသာ ဘာသာပြန်တတ်မည်ဆိုလျှင် "အချင်းတို့ အမြော်အမြင်ရှိသောနယ်ချဲ့က ငါ့ အကျိုးရှိရာပြုလုပ်ခဲ့မှုတို့ကို သင်တို့ကပယ်ဖျက်ကြ၍ သူပယ်ဖျက်ခဲ့သော ငါ့အကျိုးမဲ့မှုကိုကား သင်တို့တစ်တွေ မသူတော်တို့နှင့်ပေါင်းကာ ဂုဏ်ယူဝင့်ကြွားစွာ ပြုလုပ်နေကြလေသည်တကား"ဟု ငြီးတွားသံကို ကြားရမည်ကေန်။

သို့နှယ်အတွေးစီးကြောင်းမှာမျောပါရင်း လက်ထဲကမဂ္ဂဇင်းစာအုပ်ကလေးကို ငိုင်ကြည့်နေမိသည်။ ဆည်းဆာရိပ်ဟပ်ထင်နေသော ဧရာ ဝတီ။ ဒါ.. ဧရာဝတီရဲ့ဆည်းဆာလား၊ ဆည်းဆာဆိုတာ ဧရာဝတီရဲ့နေဝင်ချိန်လား။

အို .... မဟုတ်ဘူး .... မဟုတ်ဘူး .... ဒါ.... ဧရာဝတီရဲ့အရဂ်္ဂ ...ဒါ..ဧရာဝတီရဲ့အရဂ်္ဂ .... ဒါ... ဧရာဝတီရဲ့ အရဂ်္ဂ.... ။

ကိုဖိုးတူ လူပျိုကြီးဖြစ်ရခြင်းအကြောင်း

သူရိန်ထက်
စက်တင်ဘာ ၁၀၊ ၂၀၁၁

ကိုဖိုးတူက ယနေ့ထိ လူပျိုကြီးဖြစ်လေ၏။ လူပျိုကြီးဖြစ်ရခြင်းကမူ ထူးသည်ဟုဆိုနိုင်သည်။ ကမ္ဘာပေါ်တွင် လူပျိုကြီး အပျိုကြီး အများအ ပြားရှိပါသည်။ ထိုထိုသော လူပျိုကြီးအပျိုကြီးများတွင် ထူးကဲသောသဘာဝတွေရှိတတ်သည်။ ထိုသဘာဝတွေကြောင့်လည်း ဒီလိုဂေါ်မစွံ တွေ ဖြစ်ကြတာများလေသည်။ အထူးအထွေတော့မဟုတ်။ တချို့က ကပ်စေးနည်းလွန်းသဖြင့်၊ တချို့ကမူ ဇီဇာကြောင်လွန်းသဖြင့်၊ တချို့ ကတော့ ချေး (ဂျီး) များလွန်းသဖြင့်၊ တချို့ကတော့

ပစ်ပစပ်များလွန်းသဖြင့်၊ တချို့ကတော့ အိမ်ထောင်သားမွေးကို စိတ်ကုန်သဖြင့်၊ တချို့ ကတော့ လွတ်လွတ်လပ်လပ်နေရတာကို သဘောတွေ့သဖြင့်၊ တချို့ကတော့ ဘာသာရေးကြောင့်၊ လောကီသံသရာမရှည်လိုတော့သဖြင့် ဆိုပါတော့။

ကျွန်ုပ်တို့၏ ချစ်လှစွာသော ကိုဖိုးတူလူပျိုကြီးဖြစ်ရခြင်းကား ထိုသို့သောအကြောင်းတို့ကြောင့် မဟုတ်ရပါချေ။ သဘောကောင်းမနောကောင်း ကလေးချစ်တတ်သော သံယောဇဉ်မေတ္တာကြီးလှသော ကိုဖိုးတူကား မစွံ၍လည်းမဟုတ်ပါပဲ အိမ်ထောင်ပြုချင်လျက် ပြုခွင့်မသာရှာသော ကြောင့်သာ လူပျိုကြီးဖြစ်နေရခြင်းပင်တည်း။ ပြုခွင့်မသာသည်က နဖအ ဗိုလ်ချုပ်ကြီးဆိုသူတွေကြောင့်လော၊ ၈၈၈၈ ဒီမိုကရေစီသမားတွေ ကြောင့်လော ဟူကား ပြောရခက်ပါဘိတောင်း။ စာဖတ်သူသာ စဉ်းစားအဖြေပေးပါလော့။ ဖြစ်ပုံကား ဤသို့တည်း။ လင်းပါအံ့။

၁၉၈၈ ခုနှစ်၊ ၈၈၈၈ အရေးတော်ပုံကြီး ပေါ်ပေါက်သောအခါကိုဖိုးတူသည် ၁၆ နှစ်သားဖြစ်လေသည်။ အထက်တန်းကျောင်းသားသာ ဖြစ် သေးသည်။ တက္ကသိုလ်ကျောင်းသားပင်မဖြစ်သေး။ သို့သော် ရေခဲချောင်းသည်၊ ဆတ္တာသည်ပင်မကျန် တပြည်တတိုင်းလုံး တော်လှန်ပုန် ကန်တော်မူကြကုန်သောသမယ၌ ကိုဖိုးတူလည်း ခွပ်ဒေါင်းအလံကိုင်ခဲ့သည်ပေ့ါ။ ကြွေးကြော်သံတိုင်ခဲ့သည်ပေ့ါ။ လူထုစင်မြင့်ထက် တရားပင်တတ်သမျှတက်ဟောလိုက်ချေသေးသည်ပေ့ါ။

တက်တက်ကြွကြွလှုပ်ရှားရင်း ကိုဖိုးတူလည်း အထက်တန်းကျောင်းသားခေါင်းဆောင် တဦးဖြစ်လာခဲ့တော့သည်။ သည်အချိန်က ကိုဖိုးတူ တို့က ၁၆ နှစ်သားဆိုတော့ စိတ်တွေကလည်းလှုပ်ရှားနေတတ်သည့်အရွယ်မဟုတ်လား။ စစ်အုပ်စိုးသူတွေကို ဆန္ဒတွေပြရင်းက ဘယ်က ဘယ်လိုဖြစ်သည်မသိ။ ဆန္ဒပြကျောင်းသူလေးတဦးကို ရင်ထဲက ဆန္ဒတွေပြမိတော့သည်။ တကယ်တော့ ကောင်မလေးကလည်း ကိုဖိုးတူ တို့ရပ်ကွက်ထဲက မြင်ဖူးသိဖူးနေကျ။ အတန်းမတူပေမယ့် ကျောင်းကတော့ အတူတူကိုး။ ကောင်မလေးက ၉ တန်း၊ ကိုဖိုးတူက ၁၀ တန်း၊ ကောင်မလေးကလည်း ကိုဖိုးတူကို သံယောဇဉ်ဖြစ်ပုံပေါ်ပါသည်။ ကိုဖိုးတူက လည်း ကြွေးကြော် သံတွေတိုင်ရင်း ကောင်မလေးနှင့်အကြည့် ဆုံလျှင် အသံတွေတုန်တုန်သွားတတ်သည်။ ကောင်မလေးက လည်း ခြေလှမ်းတွေမှားမှား ကုန်သီဆိုပါစို့။ ဆန္ဒပြရင်း ချွေးတ လုံးလုံးနှင့်မော နေသောကိုဖိုးတူကို ကောင်မလေးက လက်ကိုင်ပုဝါလေးပေးတတ်သည်။

ကိုဖိုးတူလည်း အားနာနာနှင့်ယူယူသုတ်သဖြင့် လက်ကိုင်ပုဝါလေးတွေပေပေကုန်သည်။ ဆန္ဒပြပွဲကာလရှည်လာသလို သူတို့သံယောဇဉ် တွေ ပိုကုန်သည်ဆိုပါတော့။ သည်လိုနှင့် ဩဂုတ်လမှသည် စက်တင်ဘာသို့ရောက်လာ၏၊ တိတိပပဆိုရသော် စက်တင်ဘာ ၁၇ ရက်ည၊ စစ်တပ်ကအာဏာမသိမ်းမီည၊ ကိုဖိုးတူတို့က အစာငတ်ခံဆန္ဒပြကြသည်။ ကောင်မလေးကလည်းပါသည်။ ၃၆ နာရီ လောက်ဆိုတော့ ညလုံးပေါက်ပေ့ါ။ ထိုညမှာ အစာငတ်ငတ်နှင့်ပင် ကောင်မလေးကို ကိုဖိုးတူ ရင်ဖွင့်မိတော့သည်။

ဗိုက်ဆာနေပြီလား ... ဟု ကောင်မလေးက မေးတော့ ...

ဆာတော့ဆာတာပေ့ါဟာ .... ဟု ကိုဖိုးတူက ဖြေ၏။

အခုအချိန်မှာ လိုတာယူဆိုရင် နင်ဘာစားချင်လဲ ... ဟု ကောင်မလေးကမေး၏။

အစားတော့ မစားချင်ပါဘူးဟာ ... လိုတာရမယ်ဆို ဒီမိုကရေစီလိုချင်တာပေ့ါ .... ဟု ကိုဖိုးတူက ဖြေ၏။

ဒီမိုကရေစီကတော့ ရတော့မှာပါဟာ ... ဟု ကောင်မလေးက ဆိုပြန်၏။

ဒါဆိုရင်တော့ ငါလိုချင်တာတခုရှိတယ်ဟ ... ဟု ကိုဖိုးတူက တိုးတိုးတုန်တုန်နှင့် ခေါင်းငုံ့ဆိုလေ၏။

ဘာလည်းဟ ...ဟု ကောင်မလေးက မေးပြီးမှ ကိုဖိုးတူအမူအယာကိုကြည့်ရင်း သဘောပေါက်သွားဟန်ဖြင့် သူလည်းလိုက်ခေါင်းငုံ့လေ၏။

ငါလိုချင်တာ နင်ပေးပါလားဟာ ... ဟု ကိုဖိုးတူက အရဲစွန့်ကာ ခပ်ရှုံ့ရှုံ့ပြောရင်း တံတွေးမြိုချလေ၏။

အင်း ... အဲဒါက ဒီမိုကရေစီရတဲ့နေ့ကျပေးမှာပေါ့ဟာ .... ဟုပြောရင်း နေရာမှာခွာသွားလေ၏။
အေး ... တကယ်နော် ... ဟု ကိုဖိုးတူက ဝမ်းသာသံဖြင့်ပြောရင်း ခေါင်းမော့ကြည့်တော့ ကောင်မလေးက ခပ်ဝေးဝေးရောက်သွားလေ တော့သည်။

ထိုသို့ဖြင့် ကိုဖိုးတူက ချစ်တယ်ဟူသောစကားမပါပဲ ကောင်မလေးကို ချစ်ရေးဆိုပြီး ပျော်မဆုံးခင် စစ်တပ်မှအာဏာသိမ်းလိုက်လေတော့ရာ ကိုဖိုးတူနှင့် ဒီမိုကရေစီအလှမ်းကွာခဲ့သလို ကောင်မလေးနှင့်လည်း အလှမ်းကွာခဲ့တော့သည်။ သို့သော် ဇာတ်လမ်းက ဤတွင်မဆုံးပဲ ကိုစောမောင်တို့က ရွေးကောက်ပွဲလုပ်ပေး အာဏာလွှဲပေးပြီး စစ်တန်းလျားပြန်မည်ဆိုသောအခါ ဒီမိုကရေစီနှင့်ကောင်မလေးတို့ အလှမ်း နီးသလိုလို ဖြစ်လာပြန်လေသည်။

ပါတီတွေဖွဲ့ကြပြီ။ ကိုဖိုးတူတို့လည်း ပင်နီတွေ ခွပ်ဒေါင်းရင်ထိုးတွေနှင့်ပေါ့။ ထိုစဉ်ကကျောင်းသားပါတီက လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါ တီ၊ ပြည်သူလူထုတရပ်လုံးသာ စည်းလုံးညီညွတ်ကြမယ်ဆိုရင် ဘယ်လိုအာဏာရှင်မျိုးကိုမဆို တော်လှန်ဖြုတ်ချနိုင်တယ်ဆိုတဲ့ တော်လှန် ရေးအဘိဓမ္မာသစ်တရပ်ကို ကမ္ဘာ့အရပ်ရပ်က ငါတို့လိုအဖိနှိပ်ခံပြည်သူတွေ ကောင်းကောင်း ကြီးနားလည်းသဘောပေါက်သွားအောင် ငါတို့ရဲ့တိုက်ပွဲဝင်အမျိုးသားခွပ်ဒေါင်းအလံကို အမြင့်မားဆုံးလွှင့်ထူကြစို့ဆိုသော မိုးသီးဖွန်တို့ မင်းကိုနိုင်တို့ ဟောပြောသည့်မိန့်ခွန်းတွေအ ကြား ကိုဖိုးတူတို့တကိုယ်လုံး တဖိန်းဖိန်းတရှိန်းရှိန်းနှင့် အားတက်ခဲ့ရသည်ပေါ့။

ကိုဖိုးတူမှာ သူများတွေထက် ပိုပြီး ဒီမိုကရေစီလိုချင်ခဲ့သူဆိုတော့ ပိုလို့အားတက်လှုပ်ရှားခဲ့သည်ပေါ့။ သို့သော် မကြာပါချေ။ မောင်မင်းကြီး သားစစ်ဗိုလ်တွေက စစ်သားပီပီဇာတိပြလေပြီ။ ကိုဖိုးတူတို့ လူ့ဘောင်သစ်ကို မတရားအသင်းကြေညာတော့သည်။ သမဂ္ဂခေါင်းဆောင် မင်းကိုနိုင်ကို ဖမ်း၏။ ကိုမိုးသီးဇွန်လည်း မြေလျှိုးမိုးပျံရတော့သည်။ ကိုဖိုးတူတို့လည်း ပုန်းဟဲ့ ရှောင်ဟဲ့ပေါ့။ လူ့ဘောင်သစ်မရှိတော့သည်မို့ ကိုဖိုးတူတို့လည်း အဖွဲ့ချုပ်လူငယ်အဖြစ် အသွင်ပြောင်းရလေတော့သည်။ နောက်တော့ အထက်တန်းကျောင်းတွေပြန်ဖွင့်တော့ ကိုဖိုးတူ တို့က အခြေခံပညာကျောင်းသားများသမဂ္ဂ (အကသ) ပေါ့။ ဒီမိုကရေစီရဖို့တော့ ကိုဖိုးတူတို့မှာ ဘာကိုမှမကြောက်အား။ သိတဲ့အတိုင်း ကိုဖိုးတူတို့က သူများထက်ဒီမိုကရေစီ ပိုလိုချင်သူကိုး။

ဒီလိုနှင့် အကသအဖြစ်လှုပ်ရှားရင်း ကိုဖိုးတူတို့အဖမ်းခံရသည်။ ကောင်မလေးကတော့ အဖမ်းခံရတဲ့ထဲမပါ။ အထောက်အထားမမိသဖြင့် ဆိုကာ ပြန်လွတ်သွားသည်။ ကိုဖိုးတူတို့ကို အချုပ်ထဲထားတော့ ကောင်မလေးက ထောင်ဝင်စာလာလာတွေ့သည်။ လာတွေ့သည်ဆိုပေမယ့် ရဲအစောင့်တွေခြားကာ ၂ ကိုက်အကွာလောက်က အော်ပြောရတာမျိုးမို့ ကိုဖိုးတူအချစ်ကို မဖွင့်လှစ်သာအား။ ဖွင့်လှစ်ချင်ရင်လည်း ရည်း စားစကားကို အော်ပြောမှရမည့်အခြေအနေကိုး။

၁၉၉၀ ရောက်တော့ ကိုဖိုးတူတို့ ပြန်လွတ်သည်။ မတ်လမှာ စာမေးပွဲတွေဖြေပြီး မေလရောက်တော့ ရွေးကောက်ပွဲ။ ကောင်မလေးကိုလည်း ကိုဖိုးတူက တပူစာစာလုပ်လွန်းသဖြင့် ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်ကနိုင်လျှင် အဖြေပေးမည်ဟုဆိုသဖြင့် ကိုဖိုးတူမှာ သူတို့မြို့နယ်ကလွှတ် တော်ကိုယ်စားလှယ်လောင်းထက်ပင် သူက ပိုလို့နိုင်စေချင်နေတော့သည်။

ကိုဖိုးတူဆန္ဒပြည့်ပါသည်။ ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်ကအပြတ်အသတ်ကို နိုင်သည်။ မဲတွေရေတွက် အဖြေရသည့်အဲသည်ညက ကိုဖိုး တုတ်မှာ လမ်းပေါ်ထွက်ကချင်စိတ်ပေါက်အောင်ကို ပျော်နေခဲ့ပါတော့သည်။ ပျော်သည့်အတိုင်းလည်း ကောင်မလေးက သူ့ကိုအဖြေပေးပါ သည်။ တဆင့်တက်လို့ လက်ထပ်ဖို့ဆိုတာမျိုးကိုတော့ တကယ်ဒီမိုကရေစီရမှဟုတော့ ပညတ်သည်။ ဒါကတော့ ပြဿနာမရှိ။ ပြည်သူ့ပါ တီက ရွေးကောက်ပွဲအပြတ်အသတ်နိုင်နေပါပြီဆိုမှတော့ ဒီမိုကရေစီဆိုသည်ကလက်တကမ်းပဲ မဟုတ်လား။ လက်တကမ်းဆိုသဖြင့် ချက်ခြင်းကြီး ဒီမိုကရေစီရမှာကိုတော့ ကိုဖိုးတူ နည်းနည်းစိတ်ပူသလိုဖြစ်မိခဲ့သေးသည်။ ကောင်မလေးက သူပြောထားသလို... ကဲ ဒီမိုက ရေစီရပြီ ... လာ လက်ထပ်မယ် ... ဟုပြောလျှင်တော့ အခက်။ ဘာမှ ပြင်ဆင်ထားတာ အဆင်သင့်မဖြစ်သေးဘူးမဟုတ်လား။ မိဘတွေ ကတော့သဘောတူမည့်အခြေအနေ၊ ဒီလိုနှင့် စစ်တန်းလျားပြန်မည်ဆိုသူကြီးလည်း စစ်တန်းလျားမပြန်နိုင်ပဲ ရှူးသွားသလိုလိုဖြစ်သည်ဆို ကာ ရာထူးချက နောက်တော့ကွယ်လွန်သွားတော့သည်။ ၈၈၈၈ မှ ၉၉၉၉ ရောက်ခဲ့သည်။

ဘာဒီမိုကရေစီမှမဖြစ်လာ။ ဒီမိုကရေစီရဲဘော်ကြီးကိုဖိုးတူလည်း လှုပ်ရှားရင်းတိုက်ပွဲဝင်ရင်း ပြည်ပရောက်လာလေတော့သည်။ ကောင်မ လေးကတော့ ဘွဲ့တွေဘာတွေရပြီး ဒီမိုကရေစီနှင့် ကိုဖိုးတူပြန်အလာကို စောင့်နေရှာသည်။ ကိုဖိုးတူတို့လည်း အသက်တွေ ၃၀ ကျော်ခဲ့ပြီ။ ကိုဖိုးတူမိဘတွေလည်း ဆုံးကုန်ရှာပြီ။ ဒီမိုကရေစီကို ဖိုးတူခမျာ အိမ်ကိုမပြန်နိုင်ရှာသေး။ ကောင်မလေးကလည်း မိဘအိုတွေနှင့်မို့ ကိုဖိုး တူရှိရာကိုမလိုက်လာနိုင်သေး။ ကိုဖိုးတူတို့ အသက် ၁၆ နှစ် ၁၇ နှစ်က စခဲ့သော ဒီမိုကရေစီတိုက်ပွဲကြီးက ၁၇ နှစ်ကျော်ခဲ့ပြီ။ ကိုဖိုးတူတို့ လည်း အသက်တွေ ၂ ဆကြီးလို့ ၃၄ နှစ်ကျော်ခဲ့ပြီ။ လူပျိုကြီး အပျိုကြီးတွေလည်းဖြစ်ခဲ့ပြီ။ သူတို့ဆုံတွေ့မည့်ကာလက ဘယ်တော့လဲဆို သည်ကို ကိုဖိုးတူတို့မသိနိုင်သေး။

နိုင်ငံတော်ကြီးက အခွန့်ရှည်မရှည်တော့မသိ။ ဒီမိုကရေစီတိုက်ပွဲကတော့ အခွန့်ရှည်လှပြီ။ ကိုဖိုးတူတို့ကျောင်းနေဖက်တွေ မြေးချီနေသည့် အချိန်ကျမှ ကိုဖိုးတူတို့ပြန်ဆုံရမှာမျိုးတော့ မဖြစ်စေချင်။ ကိုဖိုးတူတို့လည်း လူပျိုကြီးဘဝက လွတ်ချင်လှပြီ။ ဩော် ဒီမိုကရေစီတိုက်ပွဲက ရှည်လှပါဘိတောင်း ... ..။
http://www.moemaka.com/

News Date:9/10/2011
ရခိုင်ပြည်နယ် အနံ့အပြားမှ ဆရာတော် ဦးဥတ္တမနေ့ အခမ်းအနား သတင်းများ
Font size: Decrease font Enlarge font

မင်းပြားမြို့
-----------
မင်းပြားမြို့တွင် ပြုလုပ်သော အခမ်းအနားကို နံနက်(၉)နာရီတွင် စတင်ဖွင့်လှစ်ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီ မြို့နယ် ကော်မတီဝင်များနှင့် ပါတီဝင်များ၊ လူထုများ မတ်တပ်ရပ် ဥတ္တမ ရုပ်ပုံရှေ့တွင် ပန်းခွေချပြီး ဂါရဝ ပြုကြသည်။

72th-Ottama-day-in-Sittwe-2011
သဘာပတိ ဦးမောင်မြင့်မှ မိန့်ခွန်းပြောကြားသည်။ ဥက္ကဋ္ဌ ဦးမောင်သိန်းထွန်းမှ အမှာစကားပြောသည်။ မင်းဘူးကျေးရွာ မှ သမိုင်းသုတေသီ ဦးအောင်မြရွှေမှ ဆရာတော်၏ ထေရုပ္ပတ္တိအား ပြောကြားသည်။ ဦးမောင်မြအောင်မှ နိုင်ငံရေးလှုပ်ရှားမှုအကြောင်း ပြောကြားပြီး ဆရာတော်၏ သမိုင်းဝင် မိန့်ခွန်းများကို စာရေးဆရာ မင်းပြား မင်းသိမ်းထွန်းမှ ပြောကြားသည်။

ရတပကော်မတီဝင် ဦးမောင်သိန်းဇံမှ အခမ်းအနားကျင်းပရသည့်အကြောင်း ကျင်းပသည့် ရည်ရွယ်ချက် ကိုပြောကြားပြီး ကဗျာစာစီစာကုံး ဆုရကျောင်းသားများအား ဆုပေးသည်။ အာဏာပိုင်အဖွဲ့မှ လုံခြုံရေး (၃)ယောက်ခန့်ရောက်ရှိ၊ SB ဦးသန်း ဝင်းမှ အခမ်းအနား သတင်းကို လာရောက်တောင်းယူသည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးကြီးဦးကျော်သာ မှ ဆုရစာရင်းများအား လာရောက်တောင်း ယူကြောင်း သိရသည်။ တက်ရောက်လာသူ (၅၀၀)ခန့်ရှိပြီး နေ့လည်(၁၁)နာရီခွဲတွင် အခမ်းအနားရုပ်သိမ်းသည်။

72th-Ottama-day-in-Sittwe-2011
တောင်ကုတ်မြို့
တောင်ကုတ်မြို့တွင် ဆရာတော် ဦးဥတ္တမနေ့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ၁၉၉၀ ခုနှစ် အနိုင်ရ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ခိုင်နေအိမ်တွင် နံနက်(၁၁) နာရီခွဲအချိန်တွင် နမောတသ(သုံး) ကြိမ်ရွတ်ဆိုပြီး ရခိုင်စည်တော်တီးကာ ဆရာတော်ဦးဥတ္တမအခမ်း အနားကို ဖွင့်လှစ်ခဲ့သည်။

သဘာပတိမိန့်ခွန်းကို ဦးကျော်ခိုင်မှပြောကြားပြီး ၂၀၀၈ စက်တင်ဘာ (၇) ရက်နေ့ ဦးဥတ္တမ ဆုချီးမြှင့်ခြင်း ခံခဲ့ရသော ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးတွင် ဖမ်းဆီးခြင်း ခံရပြီး ပုဒ်မ(၅၀၅/ခ) ၁၄၃ ၊ ပုဒ်မ(၆)ဖြင့် ဘူးသီးတောင်ထောင်တွင် (၇)နှစ်ခွဲ ထောင်ဒဏ်ကျခံနေရသော ဦးအိသရိယ ရဟန်းကို ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်ခဲ့သည်။

ထိုရဟန်းကိုယ်စား တောင်ကုတ် NLD အဖွဲ့ဝင် ဦးအောင်တင်ညွှန့်မှ ဂုဏ်ပြုမှတ်တမ်းလွှာကို လက်ခံယူကာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင်းမှ ဘူးသီးတောင် ထောင်မှလွတ်မြောက်လာခဲ့သော တောင်ကုတ် လူငယ်(၅)ဦး ကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခဲ့ပါသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခံရသူများထဲမှ တောင်ကုတ်လူငယ် ကိုချစ်မောင်မောင်မှ ကျေးဇူးတင်စကား ပြောကြားပါသည်။ ဦးခင်လှ ရခိုင်ပြည်နယ်စည်းအတွင်းရေးမှူး (ရခိုင်ပြည်နယ်) ဒီမိုကရေစီနှင့်နိုင်ငံရေး အကြောင်းကို ဆွေးနွေးဟောပြောခဲ့ပါသည်။ လူငယ်တာဝန်ခံ(၂)ကိုသန်းမောင်မှ ရခိုင်ပြည်နယ်စည်းအဖွဲ့ မြို့နယ်စည်း ဒုဥက္ကဋ္ဌ ဦးတင်သိန်းအောင်မှ ဦးဥတ္တမ မှုသည် ရွှေဝါရောင်တော်လှန်ရေး အကြောင်းကို ဟောပြော ခဲ့ပါသည်။ NLD တောင်ကုတ်မြို့နယ်မှ သဘောထားထုတ်ပြန်ကြေငြာချက်ကို ကိုမိုးနိုင်စိုးမှ ပြောကြားပြီး သဘာပတိမှ နိဂုံးချုပ်ပြောကြားပြီး ရခိုင်စည်တော်တီးကာ ညနေ(၂)နာရီအချိန်တွင် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

72th-Ottama-day-in-Sittwe-2011
ပုဏ္ဏားကျွန်းမြို့
ပုဏ္ဏားကျွန်းမြို့ တွင် ပြုလုပ်သော အခမ်းအနားကို မြို့မဇေစေတီ မွှေ့ရုံတွင် နံနက်(၆)နာရီတွင် ကျောင်းတိုက် (၇)ကျောင်းမှ ဆရာတော်(၇)ပါးအား ပင့်ပြီး အာရုံဆွမ်းကပ် ပရိတ် တရားနာကြားပြီး နံနက်(၈)နာရီတွင် အခမ်းအနားကို ရက္ခအားမာန် တီးဝိုင်းအဖွဲ့မှ ခရူသင်းမှုတ်ကာ ရခိုင်စည်တော်တီးပြီး အခမ်းအနားကို စတင် ဖွင့်လှစ်ခဲ့ပါသည်။ မြို့နယ် ရခိုင် တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးထွန်းမောင်မှ အခမ်းအနား ကျင်းပရခြင်း အကြောင်း ကို မိန့်ခွန်းပြောကြားသည်။ မြို့မိမြို့ဖများနှင့် ကျောင်းသား/သူ (၅၅၀)ခန့် တက်ရောက်သည်။ တက်ရောက် လာသူများကို လက်ဖက်ရည်နှင့် မုန့်များဖြင့် ဧည့်ခံသည်။ အခမ်းအနားမှာ စာရေးဆရာ စစ်တွေညီသန့်မှ ဆရာ ဦးဥတ္တမ ၏ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းကို ချီးမွမ်းပြောကြား ဟောပြောသည်။ ဂုဏ်ကျေးဇူးကို မမေ့ရန်နှင့် ကျေးဇူး ဆပ်ခြင်း ဂါရဝ ပြုခြင်း၊ ဆိုင်ရာများကိုပြောကြားသည်။ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက် ပြုလုပ်သည်။ စာရေးဆရာမ ပံသုခင်မှ ဆရာတော်၏ နိုင်ငံရေးလှုပ်ရှားမှုသမိုင်း တစေ့တစောင်းပြော ကြားပြီးအခမ်းအနားကို (၁၁) နာရီတွင် ရုပ်သိမ်းသည်။ ဟောပြောပွဲအနီးတွင် ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲ(၄)ဦးရောက်ရှိကာ အနီးကပ် စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

72th-Ottama-day-in-Sittwe-2011
ကျောက်တော်မြို့

ကျောက်တော်မြို့တွင် ပြုလုပ်သော အခမ်းအနားကို သာသနဗိမာန် ဓမ္မရုံတွင် နံနံ(၈)နာရီခွဲအချိန် နမောတဿ (၃) ကြိမ် ရွက်ဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ရွှေကျောင်း ဆရာတော်မှ ရောက်ရှိလာသူများအား သီလ ပေးသြဝါဒ မိန့်ကြား မြို့သစ်ရပ်ကွက်ရှိ မုန်ကျောင်း ဆရာတော်မှ ဆရာတော်ဦးဥတ္တမ၏ ထေရုပ္ပတ္တိ အကျဉ်းကို ပြောကြားသည်။ သမိုင်းသုတေသီ ကိုဘသောင်း (ရခိုင်သူမြတ်မဟာအောင်မြေ) မှ ဆရာတော်၏ နိုင်ငံရေး လှုပ်ရှားမှု သမိုင်းကို ပြောကြားပြီး ဒေါက်တာ ထွန်းအေး (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) ၁၉၉၀ ခုနစ် အနိုင်ရ လွှတ်တော် ကိုယ်စားလှယ်မှ ကျောင်းသားများအား ဆုပေးအပ်သည်။ တတ်ရောက်လာသူ ပရိတ်သတ် ၅၀၀ ခန့်ရှိ သည်။ အခမ်းအနားကို နံနက် ၁၁ နာရီတွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့သည်။

ကျောက်ဖြူနှင့် ဇင်ချောင်းကျေးရွာ
ကျောက်ဖြူတွင် ပြုလုပ်သော ဆရာတော် ဦးဥတ္တမနေ့ကို ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရုံးတွင် ပြုလုပ်သည်။ လူ ၁၀၀ ကျော်တက်ရောက်သည်။ ရုံးခန်း၏ ပတ်လည် ပေ ၃၀ လောက်ရှိသော နေရာတွင် လူအပြည့် ဖြစ်သွားသည်။

အလားတူ ၇၂ နှစ်မြောက် ဆရာတော် ဦးဥတ္တမနေ့အခမ်းအနားကို ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးဆောင်ပြီး ဇင်ချောင်းရွာတွင်လည်း ကျင်းပခဲ့သည်။ နနက် ၈ နာရီတွင် စတင် ကျင်းပပြီး ပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားပြုလုပ်စရာ နေရာ မရှိသဖြင့် ရွာထဲမှ အိမ်တအိမ်တွင် ကျင်း ပ ပြုလုပ်ခဲ့သည်။

72th-Ottama-day-in-Sittwe-2011
စစ်တွေမြို့

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ မြို့နယ်ရုံးတွင် နေ့လည်(၁၂း၃၀)မှာ အခမ်းအနားကိုစတင်ဖွင့်လှစ်သည်။ အခမ်းအနား စတင်ဖွင့်လှစ်သည့် အချိန်တွင် အရှင်နာဂိန္ဒမော်ကွန်းကို ရွတ်ဆိုပြီး ဖွင့်လှစ်သည်။ ပါတီ ဗဟိုကော်မတီ ဒုဥက္ကဌ ဦးတင်ဝင်းမှ အဖွင့်အမှာစကားပြောကြားသည်။ ကိုထွန်းကျော် စစ်တွေမြို့နယ် ဒုဥက္ကဌ၊ ကိုအောင်ဒွေး စစ်တွေမြို့နယ် ဒုဥက္ကဌ၊ ဦးစံကျော်ဦး မြို့နယ်နာယကမှ ဦးဥတ္တမ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းကြောင်းများကို ပြောကြားသည်။ ညနေ(၃)နာရီတွင် ဦးဥတ္တမ ရုပ်ထုရှေ့တွင် လွမ်းသူ့ ပန်းခွေချရန် ရခိုင်စည်တော် (၉) လုံးတီးကာ အမျိုးသမီးငယ် (၉) ဦးမှ ရိုးရာ အဝတ်အစားများ ဝတ်ကာ ရှေ့ဆုံးမှ လူတစ်ဦးက မီးရှူး တစ်ခုကို ကိုင်ကာ ချီတက်သည်။ လူပေါင်း ၁၀၀၀ ကျော်ပါဝင်သည်။ အခမ်းအနားပြုလုပ်သော လမ်းထောင့်နှင့် ပန်းခြံတွင် SB တစ်ချို့ရှိနေသည်မှ အပ မည်သည့် ပြဿနာမှ မရှိကြောင်း သိရသည်။

စစ်တွေတွင် AACDB မှ နံနက်အာရုံဆွမ်းကပ်ပြီး အမည်မဖော်လိုသော ဘုန်းကြီးကျောင်း တစ်ခုတွင် ပရိတ်တရားတော် နာယူပြီး ဦးဥတ္တမ မှသည် ၂၀၀၇ တော်လှန်ရေးထိ တော်လှန်တိုက်ပွဲဝင်ရင်း ကျဆုံး သွားကြသော ရဲဘော် များအား ရဟန်းရှင်လူ ပြည်သူ ကျောင်းသားအပေါင်းအား အမျှအတန်းပေးဝေကာ သဘောထား ထုတ်ပြန် ချက်တစ်ခုထုတ်ပြန်ကြေငြာခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ဆရာတော် ဦးဥတ္တမသည် မြန်မာပြည်လွှတ် မြောက်ရေးတွက် နိုင်ငံရေးမျိုးစေ့ချခဲ့သော မျိုးချစ် ပုဂ္ဂိုလ်ဖြစ်သည်နှင့် လျော်ညီစွာ ဆရာတော်ပျံလွန်တော် မူသော် စက်တင်ဘာလ(၉)ရက်နေ့ကို အစိုးရမှ တရားဝင်ရုံး ပိတ်ရက်အဖြစ် အသိအမှတ်ပြုပေးရန် AACDB(Arakan Action Committee for Democracy in Burma) အဖွဲ့မှ တောင်းဆိုသည်။

မြောက်ဦး တွင် ရတပ မြို့နယ်ရုံးတွင် ကျင်းပပြီး မောင်တောတွင်လည်း ရတပ ပါတီရုံးတွင် ကျင်းပသည်။ ဘူးသီးတောင်တွင် ဦးဥတ္တမ ခန်းမတွင် ပြုလုပ်သည်ဟု သတင်း ရရှိသည်။ (အတည်မပြုနိုင်သေးပါ)။ ရသေ့တောင်မြို့တို့တွင်လည်း ကျင်းပပြီး သံဃာတော် အပါး ၁၆၀ ကို နံနက် အာရုံဆွမ်း လောင်းလှူခဲ့သည်။

72th-Ottama-day-in-Sittwe-2011
ရန်ကုန်

အသျှင်ဦးဥတ္တမ၏(၇၂)နှစ်မြောက် အောက်မေ့ဖွယ် အထိမ်းအမှတ်နေ့ကို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) မှ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဓညဝတီ သာသနာပြုကျောင်းတွင် ကျင်းပခဲ့သည်။

ဦးဥတ္တမနေ့ အခမ်းနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးအေးသာအောင်က ယခုလိုပြောသည်။

"ဆရာတော် ဦးဥတ္တမဆိုတာ အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲမှာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အခုတော့ အမေ့ခံ ဘဝနဲ့ ရှိနေရတဲ့အခါမှာ ဘယ်လောက်ထိ နိုင်ငံအတွက် တိုင်းပြည်အတွက် ကြိုးပမ်းခဲ့တဲ့ ပုဂ္ဂိုလ်ကို မမေ့သင့် မမေ့အပ်၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခု ဓညဝတီ သာသနာပြု ကျောင်းမှာ ဆွမ်းကပ်ပြီး အခမ်းနား ကျင်းပရတာ" ဖြစ်တယ်လို့ ပြောသည်။

အဆိုပါ အခမ်းနားသို့ NLD အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရခိုင်သူ ရခိုင်သား စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

" ထိုပြီးတော့ နိုင်ငံရေး အဖွဲ့စည်းထဲက ပုဂ္ဂိုလ်တွေကိုလည်း ဖိတ်တယ်။ ရခိုင်အမျိုးသားများကိုလည်း ဖိတ်တယ်။ NLD ပါတီက ဦးတင်ဦး၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးအုံးကြိုင်နဲ့ CEC အဖွဲ့ဝင်၊ လူငယ်အဖွဲ့ဝင်၊ အမျိုးသမီး အဖွဲ့ဝင်တွေလည်း တက်ရောက်ကြတယ်။ တိုင်းရင်းသားထဲက ဆိုရင် နိုင်ငွေသိမ်း၊ စိုင်းထောင်းအောင်၊ ထောင်ကိုထန် တခြားတိုင်းရင်းသား လူငယ်တွေလည်း တက်ရောက်ကြတယ်။ လူပေါင်း ၁၅၀ ကျော်လောက် တက်ရောက်ကြတယ်။" ဟု သူက ဆက်ပြောသည်။

အခမ်းနားကို ၈ နာရီမှ စတင်ပြီး ကြွရောက်လာသူများကို ဦးအေးသာအောင်မှ နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းနား အစီစဉ်အတိုင်း အမျိုးသားရေး စကားများ ပြောကြားခြင်း၊ ဦးဥတ္တမကို ဂုဏ်ပြုစပ်ဆိုထားတဲ့ ကဗျာတပုဒ်ရွက်ဖတ်ခြင်း၊ ဦးသာဘန်းက ဦးဥတ္တမ အတ္ထုပတ္တိကို ဟောပြောခဲ့ကာ အခမ်းနားကို နံနက် ၁၁ နာရီခန့်တွင်း ပြီးဆုံးကြောင်းသိရသည်။

News Date:9/9/2011

စစ်တွေတွင် သံဃာ့တော် အပါး ၃၀၀ ခန့် မေတ္တာသုတ်များ ရွတ်ဆိုပြီး ဦးဥတ္တမ ရုပ်ထုသို့ ချီတက် ဂါရဝပြု

Font size: Decrease font Enlarge font

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် သံဃာ့တော် အပါး ၃၀၀ ခန့်က မေတ္တာသုတ်များ ရွတ်ဆိုကာ ဆရာတော် ဦးဥတ္တမ ပန်းခြံသို့ ချီတက်ပြီး ဆရာတော် ရုပ်ထု အား ဂါရဝပြုခဲ့ကြသည်ဟု သိရသည်။




72th-Ottama-day-in-Sittwe-monks march

မျက်မြင် တစ်ဦးက နိရဉ္စရာသို့ ယခုလို ပြောသည်။

" နံနက် ၁၀ နာရီလောက်မှာ ရဟန်းတော် ၃၀၀ ခန့်က သပိတ်တွေကိုင်ဆောင်ပြီး ဆရာတော် ဦးဥတ္တမ ပန်းခြံထဲကို ချီတက်လာပါတယ်။ ပီးရင် ဆရာတော် ဦးဥတ္တမ ရုပ်ထုရှေ့မှာ စီတန်းပြီး ဂါရဝပြုပြီး ယူဆောင်လာတဲ့ ပန်းတွေ၊ ပန်းခွေတွေကို ချကြပါတယ်။" ဟု ပြောသည်။

ဆရာတော် ဦးဥတ္တမ ရုပ်ထုရှေ့တွင် ရဟန်းတော်များက မိန်းခွန်းအနည်းငယ် ပြောကြားခဲ့ကြသည်ဟု သူက ပြောသည်။

" မိန်းခွန်းပြောပြီးတော့ ၁၁ နာရီခန့်မှာ ရဟန်းတော်တွေ လူစုခွဲပြီး ပြန်သွားကြပါတယ်။ ကိုယ်ကျောင်းတိုက်ကို ကိုယ်ပြန်သွားကြတယ်ထင်ပါတယ်" ဟု သူက

ဆက်ပြောသည်။

ရဟန်းတော်များ လာရောက်ပန်းခွေလာချပြီးနောက် ယခုအခါ ဦးဥတ္တမ ပန်းခြံတွင် စရဖနှင့် ရဲသားများကို အပြည့်ချထားလိုက်သည်ဟု မျက်မြင်များက ပြောသည်။

နောက်ထပ် ဒေသခံ တစ်ဦးကလည်း ဦးဥတ္တမ ပန်းခြံ အနီးတဝိုက်တွင် လုံခြုံရေး အထူး တင်းကျပ်ထားခြင်းကို ယခုလို ပြောသည်။

" ဦးဥတ္တမ ပန်းခြံမှာ စရဖတွေ၊ ရဲတွေ အပြည့်ဘဲ။ လုံထိန်းတွေလည်း ရောက်နေတယ်။ ရဟန်းတော်တွေ လာပီးတဲ့ နောက်ပိုင်းမှာ လုံခြုံရေးက အပြည့်ဘဲ" ဟု ပြောသည်။

ညနေပိုင်းတွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီမှ ဦးဆောင်ပြီး လူပေါင်း ၁၀၀၀ ကျော်ခန့်က ဆရာတော် ဦးဥတ္တမရုပ်ထုရှေ့တွင် ပန်းခွေချကာ ဆီးမီး ပူဇော်ခဲ့သည်ဟု သိရသည်။
http://www.narinjara.com/burmese.asp

ရောက်ရာအရပ်က ဆက်သွယ်ပါ ရဲဘော် အောင်မြတ်ထွန်း ရေ …
Posted by admin on September 11, 2011 0 Comment

ရင်ထဲ စူးနစ်နာကျင်သွားတဲ့ ခံစားချက်တခု ၂၀၁၁ ခု၊ စက်တင်ဘာ ၂ ရက်၊ သောကြာနေ့ ညနေက ရလိုက်တယ်။ ဝမ်း နည်းထိခိုက်လွန်းလို့ မျက်ရည်တွေတောင် စီးကျလာတယ်။ မော်ကြီး (ကိုခင်မော်) တယ်လီဖုံးဆက် အကြောင်းကြားလို့ လက်ခံ စကားပြောနေရင်း မျက်ရည်တွေ စီးကျလာတဲ့ အဖိုးကို တအံ့တသြ ကြည့်နေကြတဲ့ မြေးမလေးနှစ်ယောက်ရှေ့ မှာ ကမန်းကတန်း မျက်ရည်သုတ်လိုက်ရတယ်။

ဒီသတင်းမလာခင် လေးရက်လောက်မှာ လာတဲ့သတင်းက ဗမာပြည်တွင်းက မိတ်ဆွေတယောက်ပို့တဲ့ internet email သတင်း ဖြစ်ပါတယ်။ “လိပ်ကလေး” နေမကောင်းလို့ ဆေးရုံတင်ထားရတယ်တဲ့။ သူ့ဆီက သတင်းကို ရရချင်း ၇၀ ခုနှစ် လွန်တွေက အင်းစိန်ထောင်မှာ သေဖော်ရှင်ဘက် မော်ကြီးဆီကို ဖုံးခေါ်လိုက်တယ်။ သတင်းလည်း ပေးရင်း၊ နောက် ဆက်တွဲ သတင်းအပြည့်အစုံ စုံစမ်းပေးဖို့ အကူအညီ တောင်းလိုက်တာ။ မော်ကြီးနဲ့ ကိုယ်နဲ့ “လိပ်ကလေး” ကျန်းမာရေး အတွက် ကူညီထောက်ပံ့ကြဖို့လည်း တိုင်ပင်ကြတယ်။

“လိပ်ကလေး” ဆိုတာက ဘာလဲ။ ဘယ်သူလဲ။

ဒီနံမည်ကို ဆရာဗန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာရာဂျုန်၊ လေထီးဦးအုန်းမောင် တို့ကအစ… ဖိုးသံချောင်း၊ ဖော်ဝင်းကို၊ နီအောင်မေသု(ကွယ်လွန်) တို့အထိ လေးစားစွာ ချစ်စနိုး ခေါ်ဝေါ်သုံးစွဲကြတဲ့ “ကိုထွန်းအောင်ကျော်” ပါပဲ။

ကိုကိုးကျွန်းမှာ ဒီဆရာကြီးတွေနဲ့ အတူ အကျဉ်းကျခံရစဉ်က ကိုထွန်းအောင်ကျော်က ကျောင်းသား အရွယ် လူငယ်တ ယောက်။ ကျွန်းမှာက နံမည်တူရှိတဲ့အခါ ခွဲခြားသတ်မှတ်တဲ့ အနေနဲ့ နံမည်မှာ ဝိသေသထူးတွေ တပ်ခေါ်လေ့ရှိတယ်။ ဦးတင်အောင် နံမည်ချင်းတူသူ နှစ်ယောက်အတွက် ဗန်းမော်တင်အောင်၊ ခေါင်းဖြူ တင်အောင် တဲ့…။ ကိုထွန်းအောင် ကျော် ကိုလည်း လိပ်ခေါင်းရောဂါ ရှိသူမို့ “လိပ်ကလေး-ထွန်းအောင်ကျော်” လို့ ချစ်စနိုး ခေါ်ကြတာ ကြားဖူးပါတယ်။

“လိပ်ကလေး” ကျွန်းက ပြန်လာပြီးတော့ ၁၉၇၆ မှာ မိုင်းရာပြည့်အရေးအခင်းနဲ့ ယှဉ်တွဲပေါ်ပေါက်တဲ့ “မီးမောင်းစာစောင်” အမှုမှာ ခေါင်းဆောင်တဦး အဖြစ်နဲ့ နောက်ထပ်တခါ ထောင်ကျရပြန်တယ်။ ၉ နှစ် ကျတယ်။ ၁၉၈၀ မှာ နိုင်ငံတော် ကောင် စီ ၂/၈၀ လွတ်ငြိမ်းချမ်းသာခွင့်နဲ့မှ ပြန်လွတ်လာခဲ့တယ်။

“လိပ်ကလေး” နဲ့ ကျနော်က အင်းစိန်ထောင်၊ အထူးဆောင်မှာ သိကျွမ်းခဲ့တာ ဖြစ်ပါတယ်။ သူ့ကို ထောင်ထဲမှ လက်ဝဲ လက်ျာ၊ အဖြူရောင် အားလုံးက ချစ်ခင် လေးစားကြတယ်။

အဲဒီတုန်းက အင်းစိန်ထောင် အထူးဆောင်မှာ ထောင်ဝင်စာကနေ စာအုပ်သွင်းခွင့်ရတယ်။ ကျနော်က စာအုပ်တွေ အ တော်များများ သွင်းသူတယောက်။ တချို့စာအုပ်တွေ သွင်းခွင့်ရသလို၊ တချို့စာအုပ်တွေ သွင်းခွင့်မရခဲ့ဘူး။ သွင်းခွင့်မရ လို့ ထောင်ဝင်စာလာတွေ့သူ အိမ်ကလူတွေလက်ထဲ ပြန်ထည့်ပေးနိုင်ခဲ့သလို၊ အာဏာပိုင်တွေက သူတို့ စစ်ဆေးအုန်း မယ်ဆိုပြီး စာအုပ်ကို ယူထားလိုက်လို့ ဆုံးကုန်တာတွေလည်း ရှိတယ်။

“လိပ်ကလေး”က ကျနော့်ကို Stalin ရဲ့ Short History of CPSU(B) ထဲက Dialectical Materialism အခန်းကိုပဲ၊ ဖြုတ် ထုတ်ပြီး သွင်းဖို့ အကြံပြုလာတယ်။ စာအုပ်က တအုပ်လုံးဆိုရင် အတော်ကြီး ထူသလို၊ အာဏာပိုင်တွေကလဲ ခွင့်ပြုမှာ မဟုတ်ပါဘူး။ ဖြုထုတ်ထားတဲ့ စာအုပ်အပိုင်းကို ကျနော်တို့ အောင်မြင်စွာ တင်သွင်းနိုင်ခဲ့တယ်။ နောက်တော့ သူက Peking Review တွေ သွင်းဖို့ အကြံပြုပြန်တယ်။ အာဏာပိုင်တွေက အင်္ဂလိပ်စာ ကောင်းကောင်းမတတ်ပေမယ့် စာအုပ် အဖုံးမှာ အနီရောင်တွေ၊ တူတံဇင်တွေ၊ ကြယ်တွေ၊ တရုတ်စာတွေ မြင်ရင် ဘုမသိ ဘမသိ သွင်းခွင့်မပြုခဲ့ဘူး။ ထောင်အ ကြောင်းစာအုပ်ဆို သွင်းခွင့်မရဘူး။

တခါ ဖြစ်ဖူးတယ်။ မောင်သာရ ရေးတဲ့ “ကြောင်ကိုဘယ်သူချူဆွဲမလဲ” စာအုပ်ကို အဖုံးက နံမည်ပဲ ဖတ်ပြီး အဆောင်မှူး စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီးလှရွှေက

သွင်းခွင့် ပြုလိုက်တယ်။ နောက်တပါတ် ထောင်မှူးလေး ဦးဘိုနီ အလှည့်မှာ သွင်းလို့ မရခဲ့ဘူး။ ဦးဘိုနီက လုပ်သားကောလိပ်က မြန်မာစာအဓိကနဲ့ ဘွဲ့ယူလာသူဆိုတော့ စာလေးဘာလေး နည်း နည်းဖတ်မှတ်တဲ့ ဗဟုသုတနဲ့ ဒီစာအုပ်ဟာ ဘာအကြောင်းရေးတာလဲ သိပြီး သွင်းခွင့်မပြုခဲ့ဘူး။

ကျနော်က အိမ်ကို ထောင်ဝင်စာမှာ တရုတ်တန်းက တရုတ် လမုန့်၊ ပဲမုန့်၊ မာလောက်လို့ခေါ်တဲ့ နမ်းမုံ့တွေကို အပတ် တိုင်း မှာတာမို့ မုံ့ထည့်ပေးတဲ့အခါ Peking Review တွေကို စက္ကူအိတ် လုပ်ပြီး ထည့်ခိုင်းရတယ်။ အာဏာပိုင်တွေ ကျနော့်ဆီက တောင်းစားလေ့ရှိတဲ့ ဒီတရုတ်မုံ့တွေဟာ Peking Review အုပ်လိုက်ကို စက္ကူအိတ်လုပ်ပြီး သွင်းပေးမှန်း မသိကြရှာဘူး။

ကိုထွန်းအောင်ကျော် "လိပ်ကလေး" နံမည်ကနေ "ဆရာကြီးကြွက်" နံမည် ပြောင်းသွားရတာက ဒီလို။ ထောင်ထဲမှာ ကျနော်တို့ အစာရေစာ ပြတ်တဲ့အခါ ထောင်ကြွက်ကြီးတွေကိုလဲ ဖမ်းစားကြတယ်။ "လိပ်ကလေး" က သူနဲ့ ထမင်းအတူ စားတဲ့ သူ့ထမင်းစား အုပ်စုအတွက် ကြွက်ဖမ်းပေးတယ်။ သူက ၃ ဆောင်မှာ ကြွက်ဖမ်းအတော်ဆုံးဆိုပြီး သူ့ထမင်းစား အုပ်စုထဲက သူ့ကို "ဆရာကြီးကြွက်" ဆိုပြီး ခေါ်ကြတယ်။

ထောင်ကထွက်တော့ အတူနေခဲ့သူတွေ အပြင်မှာ ပြန်တွဲမိကြတဲ့အထဲ သူနဲ့ကျနော်က အတွဲဖြစ်ဆုံးလို့ ပြောရမယ်။

သူ့ပုံက ကွန်မြူနစ်တယောက်၊ ကျွန်းပြန်တယောက်၊ ထောင်ထွက်နိုင်ငံရေးသမားတယောက်ပုံ လုံးလုံး မပေါက်ဘူး။ သူအမြဲလိုလိုဝတ်တာ Coduroy Jean ဘောင်းဘီအညို။ Ray-Ben နေကာမျက်မှန်ကလဲ နေပူပူ မိုးရွာရွာ မချွတ်ဘူး။

အဲဒီ Ray-Ben မျက်မှန်ကြောင့် ပြဿနာတက်ရသေးတယ်။ ဗိုလ်အောင်ကျော်လမ်းက စိန်ဝင်း စားသောက်ဆိုင်မှာပေါ့။ သူရယ်၊ သဲတောဝမ်းတွင်းက ကိုသက်တင်(ကွယ်လွန်)ရယ်၊ ကျနော်ရယ် တဝိုင်းထိုင်ပြီး စားသောက်ကြတယ်။ ကျနော် တို့ ထုံးစံက စားသောက်ဆိုင်ထိုင်ရင် ကိုယ့်ဝိုင်းကြားရုံ တိုးတိုးတိတ်တိတ် ခေါင်းချင်းဆိုင် ပြောကြတာ။ ဆိုင်လည်ခေါင် က စားပွဲဝိုင်းကြီးမှာ လူလေး-ငါး-ဆယ်ယောက်လောက် စုပေါင်းဝိုင်းဖွဲ့ ဆူဆူညံညံ စားသောက်နေကြတယ်။ ဝိုင်းကြီးရဲ့ နောက်တဖက်မှာ ခါတိုင်း ကျနော်နဲ့ ဝိုင်းထိုင်နေကျ မောင်သိန်းဆိုင်၊ နတ်နွယ်၊ မြင့်မောင်မောင်၊ လွင်စန်းယဉ်၊ အေးမြ သီတာ ကိုဇော်ထွန်း တို့ ဝိုင်းရှိတယ်။

ရုတ်တရက် "လိပ်ကလေး" က အလည်က ဆူဆူညံညံဝိုင်းဆီ ထသွားတယ်။ ကျနော်ကလည်း ဘော်ဒါကောင်းပီပီ နောက်ကလိုက်။ အဲဒီဝိုင်းထဲက လူတယောက်ကလည်း ကျနော်တို့နဲ့ ရန်ဖြစ်ဖို့ ထတော့ သူ့လူတွေက ဝိုင်းဆွဲကြတယ်။ နည်းနည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ ခေါင်းဆောင်လုပ်သူက ကျနော်တို့ကို တောင်းပန်သလို၊ ကိုသက်တင်ကလည်း "လိပ်ကလေး"ကို ရန်မဖြစ်ဖို့ ဆွဲတယ်။ သူ့လူတွေက ဝိုင်းတောင်းပန် ကြတယ်။ ကျနော်လိုပဲ အကြောင်းရင်း မသိပေမယ့် ဘော်ဒါတွေကို ကူဖို့ မြင့်မောင်မောင်၊ လွင်စန်းယဉ်၊ မောင်သိန်းဆိုင်က အလည်ဝိုင်းဆီ ထလာတယ်။ ကိုနတ်က လူကြီးပီ ပီ ဖြန်ဖြေတယ်။

သူတို့က နယ်ကလာတဲ့ အနောက်မြောက်တိုင်းဆိုလား ဘတ်စကက်ဘော အသင်းကပါတဲ့။ အောင်ဆန်းကွင်းမှာ တည်း ကြတယ်။ တခါတည်း သူတို့ အရက်ဝိုင်းလည်း သိမ်းသွားပြီး စစ်ကားကြီးနဲ့ လက်ပြနှုတ်ဆက် ပြန်ထွက်သွားကြတယ်။

ပြီးတော့မှ ကျနော်က "လိပ်ကလေး"ကို ဘာဖြစ်လို့လဲ မေးကြည့်တော့ သူ နေကာမျက်မှန် တပ်ထားတာကို "ဘလိုင်းထီး ဆိုင်" လို့ မကြားတကြား ခေါ်လို့တဲ့……။

မှတ်မှတ်ရရ သူ ပုဆိုးဝတ်တာ တခါကြုံဖူးတယ်။ ဝတ်ခဲတယ်။ စာအုပ်လက်ထဲကိုင်ပြီး လမ်းပေါ်သွားနေ တာလဲ တွေ့ရခဲ့ တယ်။ တနေ့တော့ နစ်ခုစလုံး တပြိုင်ထဲ သူလုပ်လာတယ်။ အဲဒီတုန်းက ကျနော်တို့နေတဲ့ ဂျူးဘန်းလမ်းထဲက အိမ်ကို မနက်ကြီး ရောက်ချလာတယ်။ ပုဆိုးနဲ့ လက်ထားမှာက Peking King Review ကို ကျစ်ကျစ်လိပ်ပြီး ကိုင်လာတယ်။ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကို တရုတ်ကွန်မြူနစ်ပါတီက ပြန်သုံးသပ်ထားတဲ့ အကြောင်းပါလို့ ကျနော်ဖတ်ဖို့ သူယူလာတာ။ အဲဒီနေ့က အိမ်ကရေဒီယိုလေးနဲ့ မီတာ ၆၀ ပြည်သူ့အသံကို အတူ နားထောင်ကြတယ်။

တနေ့မှာ Strand Hotel နောက်က ဘီယာခန်းမှာ သူနဲ့ ကျနော် စကားပြောကြတယ်။ မှတ်မှတ်ရရ မေလ (၁) ရက်နေ့။ ကျနော်က ဘီယာသောက်တယ်။ သူက လိမ္မော်ရည်သောက်တယ်။ စကားတွေ အများကြီး ပြောဖြစ်ကြပြီး ကျနော့်အ တွက် စကားတခု သူ ထားခဲ့တယ်။ သူ လွတ်မြောက်တဲ့နယ်မြေကို ထွက်သွားတယ်။ ရဲဘော်အောင်မြတ်ထွန်း ဖြစ်သွား တယ်။

ကွန်မြူနစ်ပါတီ မြေအောက်ကို ဆင်းရတော့ သူက ပန်ဝါမှာ ကျန်ခဲ့တယ်။ အဲဒီမှာ ကဗျာဆရာမ မအိ နဲ့ အိမ်ထောင်ကျ တယ်။ သူတို့ ဇနီးမောင်နံ ရန်ကုန်ကို ပြန်ရောက်လာကြတယ် ကြားတယ်။

ခု သူဆေးရုံပေါ်ကနေ မဆုံးခင်အထိ ကျနော့်အကြောင်းကို တဖွဖွ တမ်းတသွားရှာတယ်။ သူ့နားမှာ ရှိတဲ့ ရဲဘော်တွေက ပြန်ပြောပြတာ။ တိုက်တိုက်ဆိုင်ဆိုင် သူဆေးရုံတက်နေကြောင်း email မဂခင် တပါတ် ဆယ်ရက်လောက်မှာ သူ့ကို ကျနော် သတိရနေလို့ ကျနော့်အလုပ်မှာ အချိန်အားခိုက် စာလေးတစောင် ထိုင်ရေးနေတာ။ စာက တပိုင်းတန်းလန်း။ ရေးပြီး သူ့ဆီ ဘယ်လိုပေးရကောင်းမလဲ စဉ်းစားနေတာ။ စာထဲမှာ အဆက်အသွယ်တွေ အကြာကြီး ပြတ်နေလို့ ကျနော့်ကို ဆက်သွယ်ဖို့ လိပ်စာတွေ၊ email တွေ၊ ဖုံးနံပါတ်တွေ ထည့်ရေးထားတယ်။

နောက်ပီး ကျနော် ခုထိ အမှတ်ရနေတဲ့ အဖြစ်အပျက်ကလေးတခု စာထဲမှာ ထည့်ရေးထားတယ်။ တခါမှာ သူရယ်၊ ကိုစိန် ပေါ (ပီဒီပီ) ရယ်၊ ကျနော်ရယ် ဘတ်စ်ကား စီးလာကြတယ်။ ထိုင်စရာခုံမရလို့ အလည်တန်းကို ကိုင်ပြီး လိုက်လာကြတာ။ အတွင်းဝန်ရုံးရှေ့ ဘိုကလေးဈေးလမ်းထိပ်ရောက်တော့ ကိုစိန်ပေါက

တာမွေသွားစရာရှိလို့ ကားပြောင်းစီးဖို့ ဆင်းသွား တယ်။ သူနဲ့ ကျနော်က ဆက်စီးလာတာ သိမ်ဖြူလမ်းပေါ် စိန်ပေါကျောင်းနား ရောက်တော့ ကျနော်တို့နား ရပ်နေတဲ့ ကားလက်မှတ်ရောင်းက "စိန်ပေါ- ပါလား" လို့ မှတ်တိုင်ဆင်းဖို့ ခရီးသည်တွေကို မေးတယ်။ "လိပ်ကလေး"က လက်မှတ် ရောင်းဘေးကနေ "စိန်ပေါ ဆင်းသွားပြီ" ..တဲ့။ လက်မှတ်ရောင်း ပါးစပ်အဟောင်းသားဖြစ်ပုံကို ကြည့်ပြီး ကျနော့်မှာ ရီ လိုက်ရတာ။

ခုတော့... စိန်ပေါက သမိုင်း-အုပ်ကျင်းရပ်ကွက်ထဲမှာ လန်းလန်း လန်းလန်းနဲ့ အာလို့ ရွှီးလို့ကောင်း တုန်း။ စိန်ပေါ ဆင်း သွားပြီလို့ ပြောခဲ့တဲ့ "လိပ်ကလေး" ... လူ့လောကထဲကနေ သယ်န်းကျွန်း စံပြဆေးရုံ မှတ်တိုင်မှာ ဆင်းသွားတယ်။ သူ က အရင်ဆင်းနင့်သွားပြီ။ ကျနော်တို့လဲ ရှေ့ဘယ်နှစ်မှတ်တိုင်ရောက်ရင် ဆင်းရမလဲ.... မပြောတတ်ဘူး။ ကျနော်ရေးပြီး မပေးဖြစ်တဲ့ စာထဲကအတိုင်း ... ရောက်ရာကနေသာ ဆက်သွယ်ပါ... ရဲဘော်အောင်မြတ်ထွန်းရေ......။

မောင်မင်းရာ

သေ့ဘောပိုးအနီး ဆုံဆည်းမြိုင်မှာ တိုက်ပွဲဖြစ်ပွား
Posted by admin on September 10, 2011 0 Comment

မြဝတီမြို့တောင်ဘက် သေ့ဘောပိုးရွာအနီး ဆုံဆည်းမြိုင်မှာ ကြံ့ဖွံ့အစိုးရစစ်တပ် တပ်မ ၂၂ လက်အောက်ခံ ခမရ ၂၀၄ တပ်ရင်းကို DKBA တပ်ရင်း ၉၀၉ မှ ဗိုလ်ကြီး မင်းဇော်ဦး ဦးဆောင်တဲ့ တပ်ဖွဲ့၊ ကျောင်းသားတပ်မတော် တပ်ဖွဲ့၊ ရခိုင် လွတ်မြောက်ရေး တပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး ဒီကနေ့ နေ့လည် ၁၁ နာရီလောက်မှာ စစ်ဆင်တိုက်ခိုက်ခဲ့တာ ဖြစ်တယ်။

တိုက်ပွဲဖြစ်ပွားချိန် ၁၅ မိနစ်လောက်ကြာခဲ့ပြီး ထိခိုက်သေဆုံးမှု မသိရှိရသေးပါ။

ဖလူး သေ့ဘောပိုး ဝေါ်လေ ကားလမ်းတလျောက်က စစ်ကြောင်းတက်လာတဲ့ ခမရ ၂၀၄ တပ်ရင်းကို နေရာအတော်များ များက စောင့်ကြိုတိုက်ခိုက်ဖို့ ပြင်ဆင်ထားတာဖြစ်တဲ့အတွက် ညနေ ၅ နာရီလောက်မှာလည်း သေ့ဘောပိုးအနီးမှာ တိုက်ပွဲတွေ ထပ်ဖြစ်ခဲ့ပါသေးတယ်။ အဲဒီအချိန်မှာတော့ ကြံ့ဖွံ့အစိုးရစစ်တပ်က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည်ဆံ တွေ သေပေါ့ပိုးရွာထဲကို ကျရောက်ပေါက်ကွဲခဲ့ပါတယ်။ အဲဒီ အကြောင်းကိုတော့ ထိုင်းနိုင်ငံဘက်ခြမ်းကို ထွက်ပြေးလာ တဲ့ သေ့ပေါပိုး ရွာသားတဦး ပြောပြတာက ...

"အခြေအနေတွေ ရှုပ်ထွေးနေတာတော့ တရက် နှစ်ရက်လောက်ရှိပြီး ဒီနေ့မှ တိုက်ပွဲဖြစ်သံကြားရတာ ရွာနဲ့ နဲနဲဝေးတော့ အေးဆေးသတိနဲ့ နေ နေကြတယ်။ ညနေရောက်တော့ တိုက်ပွဲဖြစ်သံထပ်ကြားတယ် အဲဒီအချိန်မှာပဲ ရွာထဲကို လက်ကြီး တွေ ကျတာ အဲဒါနဲ့ ကျနော်တို့လည်း ထိုင်းဘက်ခြမ်းကို ပြေးလာကြတာ" လို့ ပြောပြသွားခဲ့ပါတယ်။

ဒီနေ့ ထိုင်းမြန်မာနယ်စပ် သေ့ဘောပိုးရွာမှာ ဖြစ်နေတဲ့ အခြေအနေတွေကို DKBA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဆန်းအောင် ကို မေးမြန်းခဲ့ရာ ...

"ဟုတ်တယ် ဒီနေ့ သေ့ဘောပိုးနားက ဆုံဆည်းမြိုင်မှာ တိုက်ပွဲဖြစ်တယ်။ ညနေပိုင်းတိုက်ပွဲဖြစ်တဲ့ အချိန်မှာတော့ ရန်သူ က သေ့ဘောပိုးရွာထဲကို လက်နက်ကြီးတွေ ပစ်ထဲ့ခဲ့တယ်။ အထိအခိုက်ကိုတော့ အတိအကျ မသိရသေးဘူး။ မြန်မာနိုင် ငံက စစ်အုပ်စု အစိုးရကတော့ ဒီလိုပဲ လက်နက်မရှိရင် အနိုင်ကျင့်မယ်။ အဖွဲ့သေးရင် ချေမှုန်းမယ် အပေါ်စီးက စကား ပြောမယ်။ အဖွဲ့ကြီးလို့ စမ်းလို့မရဘူးထင်ရင် မျက်နှာချိုသွေးမယ် ဖြည်းဖြည်းချင်း သပ်လျှိုဖြိုခွဲမယ် နောက်ဆုံးချေမှုန်း မယ်။ ဒါ သူတို့ လုပ်နေကျပဲ။ ကျနော်တို့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေ တဖွဲ့နဲ့ တဖွဲ့ နေသာသလို နေ နေကြပြီး မစည်းလုံးကြသရွေ့တော့ မြန်မာ စစ်အုပ်စုက လုပ်နေကျ နည်းတွေနဲ့ ဆက်ထိန်းထားအုံးမှာပဲ" လို့ ပြောပြ သွားခဲ့ပါတယ်။

"လေချွန်နတ်နှင့် တွေ့ဆုံခြင်း"
Posted by admin on September 10, 2011 1 Comment

ရန်ကုန် ပြည် ကားလမ်းမပေါ်က ကြို့ပင်ကောက်ဆိုတဲ့ မြို့ကလေးကို ဖြတ်သွားမိရင် သူများတွေ ဘာတွေ တွေးမိသလဲ တော့ မသိဘူး။ ကိုယ့်ဘာသာတော့ ငယ်ငယ်တုန်းက အင်မတန် နံမယ်ကြီးတဲ့ လေချွန်နတ်ဆိုတာကို သွားသတိရပါ တယ်။ သူက ရှေ့ဖြစ် နောက်ဖြစ် ဗေဒင်ယတြာတွေ ဟောတာမဟုတ်ဘူးဗျ။ ကွယ်လွန် သွားတဲ့လူတွေ တမလွန်မှာ ကျွတ်ကျွတ်လွတ်လွတ် ဖြစ်မဖြစ်၊ ဘယ်လိုဘဝမျိုး ကူးပြောင်းသွားတယ်လို့ ဟောနိုင်ပြီး မကျွတ်မလွတ်သေးလို့ရှိရင် အ လွမ်းပြေ ချတ်တင်ဝင်လို့ ရသတဲ့။ စစ်ကိုင်းပြည်တို့ ရွာဦးမစိန်ကြာတို့လို အရုပ်မမြင်ရပေမယ့် ဂီးတော်နဲ့ ချက်သလို အ သံကလေးတော့ ကြားနိုင်သတဲ့။ သို့သော်ငြားလည်း မြန်မာပြည်ကွန်နက်ရှင်နဲ့ဆိုတော့ သိတဲ့အတိုင်းပဲလေ။ တရွှီရွှီနဲ့ လေချွန်သံတွေချည်းပဲ ကြားနေရတာနဲ့ နတ်ကတော်လုပ်တဲ့ ဘွားတော်ကြီးက အင်တာပရက်တာ လုပ်ပေးရပါသတဲ့။ သူ့ခေတ်နဲ့ သူ့အခါတုန်းကတော့ အင်မတန်မှန်တယ်တဲ့ဗျား။ ရွှေမန်းတင်မောင် ဘယ်ဘဝရောက်နေတယ်တို့ ဘာတို့ တောင် အတိအလင်း ဟောနိုင်တယ်လို့ ပြောကြတာပေါ့။ ဗမာပီပီ ဗေဒင်မေး၊ နတ်မေး၊ အတင်းတုပ်၊ အိမ်လည်ဆိုတာ ဘယ်သူမှ မနေနိုင်တဲ့ အမျိုးဆိုတော့ အပျင်းပြေ သွားမေးကြည့်ရင် မကောင်းဘူးလား။ လာ .. လိုက်ခဲ့ ...။

.....................................................

ကျွန်ုပ် .... အမေကြီး။ နေကောင်းလား။ အရင်လို ဟောနိုင်ပြောနိုင်တုန်းပဲလား။

လေချွန်နတ် .... ကောင်းပ မောင်ရာ။ အရင်လောက်တော့ ဘယ်ဟောရတော့မလဲ။ ခေတ်ကာလ သားသမီးတွေက သေ သောသူ မကြာခင် မေ့ကုန်ကြလို့ အမေးအမြန်း သိပ်မထူတော့ဘူး။ သေတဲ့သူတွေကလည်း ရှေးကလို မြေကြီးထဲ ရွှေ တွေ မြှုပ်ပစ်ခဲ့တာမှ မရှိတော့တာ။

ကျွန်ုပ် .... အမေကြီးက သေပြီးသားလူဆို ဘယ်လောက်ကြာကြာ ပြန်ခေါ်မေးလို့ရတာပဲလားဗျ။

လေချွန်နတ် .... ဘဝမကူးသေးရင်တော့ ရတာပကွယ်။ မင်းတို့ ခုနှစ်ရက်သားသမီးတွေတောင် အနော်ရထာ လက်ထက် က ဖျဉ်းဘရားသား ခေါ်ခေါ်ပြီး ပါတီပေးပေးနေကြတဲ့ ဥစ္စာ။ နတ်နဲ့ နဂါး မလှည့်စားနဲ့တဲ့။ ဘာလဲ။ ပညာစမ်းချင်လို့လား။ ငါ .. တယ် ...။

ကျွန်ုပ် .... ယုံပါပြီ အမေရယ်။ ယုံပါပြီ။ ခုခေတ်နတ်ကတော်တွေက ကွမ်ရင်မယ်တော်ကြီးတောင် ရအောင်ပင့်နိုင်တာ တွေ့ပါတယ်။ ဒါထက် စကားမစပ်ဗျာ။ သူတို့လို ဘာသာမတူတဲ့ လူမျိုးခြားနတ်တွေ ဝင်လာပြီး ပြောရင်လည်း အမေတို့ က နားလည်တာပဲလား။

လေချွန်နတ် .... တော်ပြောမှပဲ ကျုပ်တို့နတ်ကတော်တွေ ယူအက်ဖ်အယ်လ်ပြေးပြီး စပီကင်တက်ထားရမယ့်ပုံ။ နတ်တို့ ၏ ဘာသာစကားဆိုတာ မနောက ပြောတာကွဲ့။ ထရန်စလိတ်တာ မလိုဘူး။ ချက်ဆို နားခွက်က မီးတောက်တယ်။ ဂွပ် ကနဲ့ဆို ခါတ်ပြီးသား။ နပ်လွန်လွန်းလို့ နတ်ဖြစ်နေတာပေါ့ သားရယ်။

ကျွန်ုပ် .... ပေါက်ပါပြီ အမေ။ ပေါက်ပါပြီ။ ပညာစမ်းတယ်တော့ မအောင့်မေ့ပါနဲ့။ မေးချင်သိချင်တဲ့စိတ်တွေ များလွန်းလို့ မစားနိုင်မအိပ်နိုင်ဖြစ်ခဲ့ရတဲ့ လူတစ်ယောက်ရှိပါတယ်။ သေတာတော့ နည်းနည်းကြာပါပေါ့။ အမေကြီးရဲ့ စက်တလိုက် ထဲမှာ ဘရောင့်ဇ်လုပ်ပေးပါဦး။ ရှိများရှိရင် မေးလိုက်ချင်ပါရဲ့။

လေချွန်နတ် .... နံမယ်နဲ့ သေတဲ့ခုနှစ်ကို ပြောလေ။ ဒေတာ အန်းတားမလုပ်ပဲ ငါက ဘယ်လိုရှာရမှာတုန်း။ ဘယ်လို သူ ငယ်ပါလိမ့်။ သတင်းစာထဲမှာ ယောက္ခမလွမ်းစာတွေ ထည့်ထည့်နေပုံထောက်ရင် ဘာတွေမေးချင်နေမှန်းမသိ။

ကျွန်ုပ် .... ဟုတ်ပါဘူး အမေကြီးရယ်။ သေတဲ့ခုနှစ်ကလေး ပြန်စဉ်းစားနေလို့ပါ။ မှတ်မိပြီဗျ။ ခရစ်တော်မပေါ်ခင် ဘီစီ ၃၉၉ မှာ ကွယ်လွန်သွားတာ။ နံမယ်ကတော့ ဆော့ခရိတ္တိ လို့ခေါ်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ပါတီအတွေး အခေါ်စာအုပ်တွေထဲမတော့ အင်္ဂလိပ် စာလုံးပေါင်းအတိုင်း ဗမာလိုအသံထွက်ပြီး ဆိုကရေးတီး လို့ ခေါ်ကြတယ်။

လေချွန်နတ် .... သောက်ကျိုးနည်း။ လက်စသတ်တော့ နင်က ငါ့ကို ပညာစမ်းနေတာပေါ့လေ။ ရှိဘွားတော်ဟဲ့။ သေမှာ မကြောက်လို့ ပေတရာလျှောက်နေတာ။ နင့်အကောင် နတ်ဖြစ်နေလို့ကတော့ ခေါ်ပြလိုက်မယ်။ မေးစမ်းတော်။ အမုန်း။ ပြီးရင် နင့်ကိုပါ သူနဲ့ ပြန်ထည့်ပေးလိုက်မယ်။ @#$%.....

..................................

ကျွန်ုပ်... ဟော ... လာပြီ လာပြီ ဒေါ်သက်ရီ။ ဘယ်ရပ်ဘယ်ရွာကလာတဲ့ ဘယ်သူဘယ်ဝါ ဆိုတာကလေး အင်ထရို လုပ် တော်မူပါဦး ဖျာ့။

ဆော့ခရတ္တိ .... အောင်မယ်။ ခေါ်တုန်းကခေါ်ပြီး။ အခုမှ မသိချင်ယောင်ဆောင်နေတယ်။ နံမယ်က ဆော့ခရိတ္တိ၊ အိုလံ ပပ်စ်တောင်တော်။ ခေါ်မပြည်ကလာတာ ။

ကျွန်ုပ် ... သိပါပြီ ဆရာကြီးရယ်။ လေးစားလွန်းလို့ ပင့်ရဖိတ်ရတာပါ။ အော်မီသော်ဖော် (အမိတဘ) စိတ်မရှိပါနဲ့။ ပညာ ရှိစကားများ တမလွန်က ကြားရရင်တောင် အမှောင်ခွင်း အလင်းဆောင်နိုင်တယ်ဆိုလို့ပါ။ အမိုက်အမဲလေးတွေကို ဗွေမ ယူပါနဲ့။ ဆိုကျောင်းလောင် (ဆိုဆရာတော်)။

ဆော့ခရိတ္တိ .... လေသံတွေ ကြားရတာကတော့ တရုတ်ပြည်ကြီးရဲ့ ပြည်နယ်တခုက မှတ်တယ်။

ကျွန်ုပ် .... အညာကဆရော်လို့ နှုတ်ဆက်ရင် မြောက်ကိုရီးယားကလို့ မှတ်မှာလား အားပုဂ္ဂိုရယ်။

ဆော့ခရိတ္တိ .... အေးကွဲ့။ တောင်ကိုရီးယားစော်ကတော့ နည်းနည်းမှ မနံတာအမှန်။

ကျွန်ုပ် .... လိုရင်းမရောက်ဘဲ ချော်တောငေါ့သွားတော့မှာပဲ။ ဆရာကြီး ခင်ဗျား။ ဆရာကြီးကို အေသင်မြို့သူမြို့သား တွေက အဆိပ်ခွက် ကိုယ်တိုင်သောက်စေပြီး ကွပ်မျက်ခဲ့တယ်လို့ ကြားဖူးပါတယ်။ ဘာအမှုနဲ့များပါလိမ့် ခင်ဗျာ။

ဆော့ခရိတ္တိ .... နတ်ဘုရားများကို ပူဇော်ပသခြင်း မပြုမှု၊ လူငယ်တွေကို ဘုရားတရားမကြည်ညိုအောင်၊ မိဘ ဆိုဆုံးမရ ခက်အောင် မြှောက်ထိုးပင့်ကော်လုပ်မှု၊ ကိုယ့်အလုပ်ကိုယ်မလုပ်ပဲ မိုးအောက်မြေပြင် ဟိုဟာမှန်တယ်။ ဒီဟာမှားတယ်နဲ့ လျှောက်တွေးနေပြီး အဲသလိုတွေးထားတာတွေကို သူများတကာ နားလည်လက်ခံလာအောင် ပလီစိချောက်ချက်တွေ ဟောပြောရေးသားမှု ပါတဲ့ကွယ်။ လိုရင်းကို တခွန်းတည်း ပြောရရင် ယုံကြည်ချက်ကို မစွန့်လွှတ်နိုင်လို့ အသက်နဲ့လဲခဲ့ တာပေါ့ကွ။

ကျွန်ုပ် .... ကိုယ်နဲ့ယုံကြည်ချက်ချင်းမတူတာနဲ့ပဲ၊ ကိုယ့်ဩဇာမတည်မြဲမှာ စိုးတာနဲ့ပဲ အပြစ်လို့ သတ်မှတ်ပြီး အဲဒီအပြစ် အတွက် သေဒဏ်စီရင်တယ်ဆိုတော့ အေသင်မြို့သူမြို့သားတွေဟာ တော်တော် ရက်စက်မိုက်မဲကြပုံ ရတယ်နော်။

ဆော့ခရိတ္တိ .... အဲလို မပြောရဘူးကွ။ ဂျူရီလူကြီးပေါင်း ၅၀၀ က ဆုံးဖြတ်တာ။ အများစုက ဉပဒေနားမလည်တဲ့ အပျော် တမ်းဝါသနာရှင်တွေ၊ လူအိုလူမင်းနဲ့ ဒုက္ခိတတွေလည်းပါတယ်။ အိမ်မှာနေရတာပျင်းလို့ တနေ့ သုံးအိုဘို ရလည်း မနည်း ဘူးဆို လာထိုင်နေတဲ့သူတွေလည်း ပါတယ်။ ဘာပဲဖြစ်ဖြစ် အေသင်နိုင်ငံသားစစ်စစ်တွေက စီရင်လိုက်တာဆိုတော့ ခံ သာတာပေါ့ကွာ။ မင်းလည်း သိပ်အာချောင်မနေနဲ့။ အေသင်သားတွေ မင်းတို့ဆီ ဝင်စားတာ ဘယ်နှစ်ယောက်ရှိမှန်း မ သိဘူး။

ကျွန်ုပ် .... ဟုတ်မယ်။ ဟုတ်မယ်။ ကျွန်တော်တောင် တယောက်သိသေးတယ်ဗျ။ သူ့နံမယ်က အေသင်ချိုဆွေတဲ့။ က လေးမလေးက ချစ်စရာလေးပါ။ ဒေါ်သတော့ ကြီးမယ့်ပုံနော်။ ဒီမှာ တင်းတယ် တင်းတယ်။ တင်းတယ် တင်းတယ် ဟေ့ .... ဆိုလား။

ဆော့ခရိတ္တိ .... ဝါသနာတွေက တားလို့ကို မရဘူး ပေါ်ပေါ်လာပြီ။ မင့်မှာ ငါ့လို အမှန်တရားအတွက် ယုံကြည်ချက်အ တွက် အသက်စွန့်ဝံ့တဲ့သတ္တိလည်း မရှိဘဲနဲ့။ မရဲဘဲ ကျွဲပြဲ မစီးချင်ပါနဲ့ကွယ်။ မင့်လောက်ကတော့ သေဒဏ်တောင် ပေးစ ရာမလိုဘူး။ ထောင်ရောက်တန်းရောက်နဲ့တင် ဇီဝိန်ကြွေသွားမှာ။ ဖောင်ကြီးဆန်တောင် မစားနိုင်ဘဲနဲ့ ထောင်နှုတ်ခမ်း နင်းဦးမလို့လား။ ရယ်ချင်တယ်။

ကျွန်ုပ် .... ဟုတ် .... ဟုတ်။ သားသား ကြောက်ကြောက်ပါခင်ဗျ။ (တရုတ်ကလေးတွေခေါ်တဲ့ ကျောက်ကျောက် မဟုတ် ဘူးနော်) ဆရာကြီးကလည်း .. အနော်က ဘာတွေလုပ်နေလို့တုန်းလို့။ ဟာပဲ .. ဟာပဲ။ ဟာဗျာ ... ဟာဗျာ။

ဆော့ခရိတ္တိ .... ငါတို့ အိုလံပပ်စ်တောင်တော်ကို နင်ရောက်နေတဲ့ အမ်းလို မှတ်နေလား။ ရေ၊ မီး၊ ဖုန်း၊ အင်တာနက် ၂၄ နာရီ။ ဒေါင်းချင်တိုင်းဒေါင်း ကောင်းမှကောင်း ကွန်နက်ရှင်နဲ့။ (နတ်တို့စံရာ တောင်တော်သာပေကိုး) ဖေ့စ်ဘုတ်ထဲ နင် ရေးထားတဲ့ ပေါက်တတ်ကရ အတွေးတွေကို ဟိုလူရဲ့ ဒီလူရဲ့နဲ့ ဖွက်ပေါက်နေတာ မသိပဲ ရှိပါ့မလား။ သောက်ညင်ကပ်လို့ မိတ်မဖွဲ့ ကွန်မန့်မပေးဘဲနေတာ။ ဆွဲစိလိုက်လို့ နဲမိအနောက်က တန်းစီနေရမယ်။

ကျွန်ုပ် .... ကြောက်ပါတယ် ဆိုနေမှပဲ။ မရှင်းတာကလေးတခုတော့ မေးစမ်းပါရစေဦးဗျာ။ ဆရာကြီးရဲ့ အဆိုအမိန့်တွေ ထဲမှာ `ရွှေတွေငွေတွေ၊ ရာထူးဌာနန္တရတွေ ရှိတာ ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမယ့် အဲဒါတွေ ရရှိပိုင်ဆိုင်လာခြင်း ဟာ မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်ခြင်းဆိုတဲ့ သဘောမပါရင် ကျက်သရေမင်္ဂလာရှိတဲ့ ကောင်းကျိုးချမ်းသာလို့ မဆိုနိုင် ပေဘူး´ ဆိုတာကိုဖြင့် ခေတ်နဲ့ မလျော်ညီတော့ဘူးလားလို့ သံသယဖြစ်မိပါတယ်။

ဆော့ခရိတ္တိ .... ဒီသူတောင်းစားလေးကတော့ သူ့ဘာသာရိုက်ချင်တာ ငါ့ဆီတုတ်လာငှားနေပြီ။ ဒီအကြောင်းတွေက နင် သိသလို ငါသိသလို လူတကာအသိဟဲ့။ သူတို့ဘာသာလည်း သိပြီးသား။ မသိနားမလည်လို့ မလိမ္မာတခါမိုက်တယ်ထင် ပြီး တရားပြချင်နေတာလား။ သိသိကြီးနဲ့ လုပ်တယ်ကွာ။ ဘာဖြစ်သေးလဲ။ မင်းလိုပဲ သီချင်းဆိုပြလိုက်မယ်။ `ချစ်လူမိုက် ချစ်လို့မိုက်ခဲ့တယ်...။ ချစ်လူမိုက် ချစ်လို့မိုက်ပါတယ် ...။ ပြီးရော။

ကျွန်ုပ် .... သဘောရိုး အမှန်ပါခင်ဗျာ။ ဆရာကြီးရဲ့ အေသင်မြို့သူမြို့သားတွေအပေါ် နောက်ဆုံးဝေဖန်ချက် `ပညာ ဉာဏ်နဲ့ အင်အားကြွံခိုင်မှုမှာ ကမ္ဘာကျော်ပါလျက် ငွေ၊ ဂုဏ် နဲ့ နံမည်နောက်ကို ကောက်ကောက်ပါနေတာ ရှက်စရာ၊ သစ္စာတရား၊ နားလည်မှုနဲ့ စိတ်ဝိညာဉ်ပြည့်စုံမှုကို မေ့လျော့ထားတာ ရှက်စရာ´ ဆိုတာကလေးလည်း ရှင်းစမ်းပါဦး ခင်ဗျား။

ဆော့ခရိတ္တိ .... သူ့အရိုးနဲ့ သူ့ပြန်ထိုးရတယ်ဆိုတဲ့ဖျူဟာအတိုင်း မင်းနားလည်လွယ်အောင် မင်းတို့ဆရာဝန်တွေထဲက ဉပမာနဲ့ပဲ ရှင်းပြမယ်။ သေသေချာချာ နားထောင်။ မင်းတို့ဆရာဝန်တွေဟာ ပညာဉာဏ်တွေ အတတ်ပညာပိုင်းတွေမှာ နိုင်ငံတကာက ဘယ်သူနဲ့ ယှဉ်ယှဉ်၊ မညံ့တဲ့လူတော်ကြီးတွေ တပုံတပင်ရှိတယ်လေ။ သို့သော်ငြားလည်း သားတွေ သမီး တွေ အမေရိကားမှာ စင်္ကာပူမှာ ကျောင်းသွားထားဖို့ ပူတူတူးလေးကို အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ထားဖို့၊ ဒီလောက မှာ ငါကလွဲရင် ဘယ်သူမှ တတ်တဲ့သူမရှိစေရဘူးလို့ အောင်လံထူနိုင်ဖို့အတွက်နဲ့ ဟစ်ပိုခရိတ္တိကြီးရဲ့ အဆုံးအမတွေနဲ့ မလျော်ညီစွာ ကျင့်ကြံနေမိလို့ရှိရင် ရှက်စရာမကောင်းပါလား။ ကိုယ့်ဘာသာ စဉ်းစားကြည့်ပြီး သဘောပေါက်ရင် ပါးစပ် ပိတ်၊ တိတ်တိတ်နေတော့။ ငါ့တုန်းကတော့ ဒီစကားတစ်ခွန်းနဲ့တင် အပြစ်ရှိတယ်လို့ ပေးတဲ့မဲ ၂၈၀ ကျော် ရလိုက်ပါ သဗျား။ ဝေဖန်ရေးဆိုတာ ကိုယ်ကဝေဖန်ရရင်သာ ကောင်းတာ။ ကိုယ့်ကိုဝေဖန်ခံရရင် ဘယ်သူမှ မကြိုက်ကြဘူးကွဲ့။ မှတ်နော်။ မှတ်နော်။ မှတ်နော်။

ကျွန်ုပ် .... တခါဆို အိုအောင်မှတ်ပါ့မယ်ခင်ဗျာ။ နောက်ဆုံးမေးချင်တာတစ်ခုက ဆရာကြီးရဲ့ နောက်ဆုံးဩဝါဒထဲမှာ `ခွဲခွာရမည့်အချိန်ကား နီးလာချေပြီ။ ကိုယ့်လမ်းသို့ ကိုယ်စီ သွားရပေလိမ့်မည်။ ငါမူကား သေလမ်းသို့ သွားတော့အံ့။ သင်တပည့်တို့သည် ရှင်လမ်းသို့ သွားကြကုန်။ ရှင်လမ်း နှင့် သေလမ်း ဘယ်ဟာက သာ၍ကောင်းသည်ဆိုခြင်းကို ဘုရားသခင်တပါးတည်းသာ သိတော်မူပေလိမ့်မည်။" လို့ ဆိုခဲ့တယ်မဟုတ်လား။ အခုလောက်ဆို ဆရာကြီးဟာ ရှင် လမ်းရော သေလမ်းပါ နှစ်လမ်းလုံး လျှောက်ခဲ့ပြီးပြီမို့ အတွေ့အကြုံကလေးများ အမိန့်ရှိပါဦး ခင်ဗျား။

ဆော့ခရိတ္တိ .... ဒါကတော့ ဘယ်လိုရှင်နေသလဲ ဘယ်လိုသေသွားသလဲ ဆိုတဲ့အပေါ်မှာ မူတည်တာပေါ့ကွာ။ အနှစ်သာ ရမရှိတဲ့ ရှင်သန်ခြင်း၊ ပြည်သူအသိန်းအသောင်း အသချေ်ရဲ့ အရိုးပုံပေါ်မှာ ရပ်တည်ရခြင်းဆိုရင်တော့ မင်းတို့ဆီက ဆီး ဘန်းနီဆရာတော် ရေးခဲ့တဲ့အတိုင်းနေလိမ့်မယ်။ ထန်းလျက်မြဲလို့ ချိုချင်ရင် လျှာဖျားကသာ ချိုနိုင်တော့မပေါ့ကွာ။ အကု သိုလ်စိတ်က ခြောက်လှန့်လာတဲ့အခါ အခေါ်ဘဏီတပ်ကြီးရံထားပြီး ဘုံခုနစ်ဆင့်ပေါ်တက်နေလည်း ဖိန့်ဖိန့်တုန်အောင် ကြောက်ကန်ကန်တတ်သေးတယ်။ ဒီလိုပဲ သေတဲ့အခါမှာလည်း သန်းခေါင်သန်းလွဲ ကာရာအိုကေမှာ အမှန်းဆွဲပြီး မူးမူး ရူးရူးနဲ့အပြန် သူများကို

ကားနဲ့တိုက်ရင်းသေသွားတဲ့သူနဲ့ ဦးဝိစာရတို့ ဗိုလ်အောင်ကျော်တို့လို သေခြင်းမျိုးဟာ ဘယ်တန် ဖိုးချင်းတူပါ့မလဲ။ သေပြီးနောက် မျက်မှောက်ပြုရတဲ့ လားရာဂတိချင်းလည်း မတူနိုင်ဘူးဆိုတာ မင်းတို့ ဗုဒ္ဓဘာသာတွေ က ပိုသိဖို့ကောင်းတာပေါ့။ တဘာဝချမ်းသာကို တစ်သံသရာလုံးဝဋ်ကျွေးနဲ့ လဲယူရတဲ့သူတွေလောက် မိုက်လုံးကြီးတာ ရှိဦးမလား။ အခုဆို ငါသေတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာနီးလာပြီ။ ငါ့နံမယ် မင်းတို့ ကြားဖူးနေသေးတယ်။ မသေခင်မှာ ကလော်တုပ် အပုပ်ချဖို့ကလွဲလို့ နံမည်တောင် စကားထဲထည့်မပြောချင်လောက်အောင် ပြည်သူ့မေတ္တာခံယူနေတာ မမြင် ဖူးလို့လား။ ဦးဇင်းကျော်ဟိန်းလေသံနဲ့ ဆက်ဟောလိုက်မယ်။ သိချင်သေးလို့ .. မေးနေတာလား....။

ကျွန်ုပ် .... ရှင်းပါပြီ ဆရာကြီးရယ်။ ရှင်းပါပြီ။ အကွင်းအကွင်း မုန့်တီဟင်းလိုပါပဲ။ အမိုက်ခံပြီး ဇက်ကောင်းလို့ ဓါးတောင်း နေတာ မဟုတ်ရပါဘူး။ အနေလည်းတတ်၊ အသေလည်းမြတ်အောင် ဝေခွဲတတ်ကြပါစေကြောင်း သပ္ပုရိသအပေါင်းတို့ ကို ဆရာကြီးရဲ့ ဩဝါဒကထာကလေးများ ပြန်လည်ဝေငှလိုခြင်းကြောင့် ကူးတို့ဆိပ်က မှိုးအိပ်ဖွင့်လိုက်ရပါတယ်။ လေ တင်လေအောက် ကြားကြားသမျှ အမျှ အမျှ အမျှယူတော်မူကြကုန်။

လေချွန်နတ်   .... ဝါး .... ဘာပြောသွားသေးတုန်း။

(ဟိုစဉ်အခါက ကိုရင်တာ၏ စတိုင်သစ်မဂ္ဂဇင်းလာ ဆိုခရိတ္တိ နှင့် နှစ်ပါးသွားခန်းကို ဖတ်အပြီး မနေနိုင်မထိုင်ဖြစ်လာပါ သဖြင့် ငွေမြိုင်ကို တုတ်နှင့်ထိုးမိပြန်ပါကြောင်း။)

Soe Min

(Soe Min ဖေ့စ်ဘွတ်မှ ကူးယူဖော်ပြပါတယ်)

ဝ တပ်ဖွဲ့က စစ်အုပ်စုကို အနိုင်ဂိုး သွင်းလိုက်ခြင်း

Posted by admin on September 10, 2011 7 Comments

ဇူလိုင်လ ၅ ရက်၊ ၂၀၁၁ တုန်းက အောင်သောင်းတို့အဖွဲ့ ဝခေါင်းဆောင်တွေနဲ့ လာတွေ့တော့ ဝခေါင်းဆောင်တွေက နယ်ခြားစောင့်တပ်ဖွဲ့လုပ်ဖို့ လာတာဆိုရင်မတွေ့ချင်ဘူးလို့ ပြောလွှတ်လိုက်တယ်။ အခု စစ်အုပ်စုကိုယ်စားလှယ်အဖွဲ့ ထပ်လွှတ်တယ်။ ဒါက အရင်အစိုးရတုန်းက ပေါ်လစီပါ အခု နယ်ခြားတပ် မလုပ်ခိုင်းတော့ပါဘူးလို့ လေချိုသွေးတယ်။ ဒီတော့ ဝခေါင်းဆောင်တွေက သူတို့ကို ဝနယ်ထဲကို လာခွင့်ပေးလိုက်တယ်။

စစ်အုပ်စုအဖွဲ့က ရှမ်းပြည်နယ်အစိုးရ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက ဦးဆောင်ကာ UWSA ဗဟိုကော်မ တီဝင် ဦးကျောက်ကွမ်းအမ်း၊ မိုင်းလားဖက်က  ဒုဥက္ကဋ္ဌ ဦးစံပေ့ တို့က ကိုယ်စားပြုပြီး လက်မှတ်ထိုးကြတယ်။ စက်တင် ဘာ ၆ ရက်၊ ၂၀၁၁ ခုနှစ် ကျိုင်းတုံမှာ လုပ်တာပါ။

ပဏာမသဘောတူညီချက် ၄ ချက် လုပ်တယ်ဆိုတယ်။ ပညာရှိဆိုတာ ပြေးကြည့်တာထက် တွေးကြည့်ရုံနဲ့ ရတယ်ဆိုသ လို နအဖ က ဝသပ ကို လိုက်လျောခဲ့ရတဲ့ အချက် ၄ ချက်ရဲ့ အနှစ်သာရတွေက ...

၁-  ဝ တပ်ဖွဲ့ အနေနှင့် နယ်ခြားစောင်တပ်ဖွဲ့ လုပ်ဆောင်ရန်မလို။

၂- တရုပ်ပြည်နှင့် တိုက်ရိုက်ဆက်ဆံနိုင်သော်လည်း တခြားနိုင်ငံတွေနဲ့ ဆက်ဆံလျင် အစိုးရနှင့် တိုင်ပင်ညှိနှိုင်းဆောင် ရွက်ရန်။

၃-  ပဋိပက္ခဖြစ်နိုင်စရာတွေကို နှစ်ဖက်စလုံးက ထိမ်းသိမ်းမယ်။ (ကချင်၊ ရှမ်းတွေကို လက်နက် မကူညီရ)

၄-  ဝ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာနှင့် ပညာရှင်များကို နိုင်ငံတော်က ကူညီပေးမယ်။ (အကူညီ လိုရင်ပြောပါ။ နိုင်ငံတော်ကို အရှက်မခွဲပါနှင့်) ဆိုတာတွေပေါ့ဗျာ။

ဝသပ နဲ့  စစ်အစိုးရ သဘောတူညီချက်ကိုကြည့်ရင် ဝသပ ဖက်က နိုင်ငံရေးအမြတ် တော်တော် ရလိုက်တာပေါ့။ ဝ ကို နယ်ခြားစောင့်တပ်ဖွဲ့ မလုပ်ခိုင်းတော့ဘူး။ ဘာကြောင့် ကချင်၊ မောင်ချစ်သူအဖွဲ့၊ ရှမ်းနဲ့ မွန်တွေကို နယ်ခြားစောင့်တပ်ဖွဲ့ လုပ်ခိုင်းနေပါ သလဲ။  ဝ တပ်ကို မြန်မာစစ်တပ်ခေါင်းဆောင်တွေ ကြောက်တယ်ဆိုတာ သေချာနေပြီ။ ဘာလို့ကြောက် လဲ။ လက်နက်ရှိလို ကြောက်တယ်။ ဝ တွေက ကြောက်စရာကောင်းသလား။ ကောင်းတယ်။ လက်နက်ကိုင်တပ်ဖွဲ့က ၅ သောင်းခန့် ရှိတယ်။ ဗိုလ်ချုပ်ကျော်ဇော်ရဲ့ အဆိုအရ အကောင်းဆုံးပျောက်ကျား တပ်မတော်တခုလို့ ဆိုတယ်။ စစ်ရေဝ၊ လက်နက်ကောင်း၊ အကြမ်းခံ၊ နယ်မြေကျွမ်းကျင်မှု စတဲ့ စွမ်းရည်တွေရှိတယ်။ အမိန့်နာခံမှုနဲ့ လေ့ကျင့်မှု သိပ်ကောင်း တယ်။ တရုပ် လက်နက်ကြီးကျွမ်းကျင်သူတွေ၊ နည်းဗျူဟာတိုက်ပွဲ ပညာရှင်တွေကိုယ်တိုင် မကြာခန လေ့ကျင့်ပေးလေ့ ရှိတယ်။

တရုပ်ပြည်က ဝနယ်ထဲမှာ လက်နက်စက်ရုံ ၃ ခု တည်ထားပေးထားတယ်။ ဝ က ထုတ်တဲ့ လက်နက်တွေက အိန္ဒိယ နယ်စပ်အထိ ရောင်းချပေးတယ်။ ဝ ကို တရုပ်ပြည်က သူတို့ လူမျိုးစုတခုလို့ ခံယူတယ်။ မြန်မာပြည်ထဲမှာ တရုပ်ပြည်ရဲ့ တရားဝင်လက်နက်ကိုင်တပ်ဖွဲ့တခု ဖြစ်လာဖို့အထိပါ ရည်ရွှက်ချက်ထားတယ်။

မြန်မာစစ်တပ်နဲ့ အာဏာချိန်ခွင်ညှာ ထိမ်းညှိဖို့အတွက် ဝ တပ်ကိုတော့ တောင့်တင်းအောင် လက်နက်၊ ယူနီဖေါင်း၊ စီးပွား ရေးတပ်တွေ တပ်ဆင်ပေးထားတယ်။ ဒီတော့ ဝ ပြည်နယ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝရှိတဲ့ ပြည်နယ်တခု ဖြစ် လာနေတယ်။ တရုပ်ရဲ့ပေါ်လစီကတော့ မြန်မာပြည်တွင်းရေးမှာ တရုပ်က မြန်မာနိုင်ငံထဲကို ခြေရှုပ်နိုင်ဖို့အတွက် ဝ က တဆင့် ဝင်နိုင်ရေး ဖြစ်ပါတယ်။

စစ်အစိုးရနဲ့ ဝ ဆွေးနွေးပွဲကို ဘောလုံးစကားနဲ့ ပြောရရင်တော့ အနိုင်ဂိုးတလုံး သွင်းလိုက်နိုင်သပေါ့ဗျာ။

wfww

လောင်းကစားရုံတွေနဲ့ပတ်သက်ပြီး ရဲအကြီးအကဲ ၃ ဦး အပြောင်းခံရ
Posted by admin on September 10, 2011 0 Comment

ပြီးခဲ့တဲ့လက လွှတ်တော်ထဲမှာ သူတို့စီရင်ပိုင်ခွင့်နယ်ပယ်မှာရှိတဲ့ လောင်းကစားဝိုင်းတွေအကြောင်း ပြသတဲ့ ဗီဒီယိုခွေ ကို ထုတ်လွှင့်ပြသပြီးနောက်ပိုင်းမှာ တနေ့က ဘန်ကောက်ရဲစခန်း ၃ ခုက ရဲမှူးတွေကို အရေးမပါတဲ့ ရာထူးနေရာတွေ ကို ပြောင်းရွှေ့လိုက်ပါတယ်။ ဒီအရာရှိ ၃ ဦးစလုံးက ရဲဗိုလ်မှူးကြီး အဆင့်ရှိသူတွေဖြစ်တဲ့ ဖယာ့ ရဲစခန်းမှူး ဆမားန် ရော့ဒ်ခန်နာ့ဒ်၊ တောက်ဖွန်းရဲဌာနမှူး ဝီရကျိရာဝီရန်နဲ့ ဘန်းရီခန်းရဲဌာနမှူး အဒီဆာ့က်ခွမ်နာ့ဖန်း တို့ ဖြစ်ပါတယ်။

ရတ်ချာဒါဖီဆက်နဲ့ရာမ (၉) လမ်းမကြီးဘေးက လောင်းကစားဝိုင်း ၂ခုကိုတော့ တနေ့ကစီစဉ်ထားသလို သီးခြားစစ်ဆေး နေမှုတွေလုပ်နေတာ မပြီးသေးပါဘူး။ အခုထိ ဘန်ကောက်ရဲဗျူရိုအဆင့်က အရာရှိကြီး ၄ ဦးနဲ့ ဝမ်ထုံလန်းနဲ့ နေပြည် တော် ရဲတပ်မ ၂၄ က အရာရှိ ၃၉ ဦးတို့ဟာ ဒီလောင်းကစားရုံ ၂ ခုမှာ ပါဝင်ပတ်သက်နေတာ တွေ့ရပါတယ်။ အပြစ်ရှိ တယ်ဆိုရင်တော့ အရာရှိကြီး ၄ ဦးဟာ ရာထူးတက်ဖို့ မဖြစ်နိုင်တော့ပါဘူးလို့ ဘုရင့်ရဲတပ်ဖွဲ့ စစ်ဆေးရေးမှူးချုပ် ရဲဗိုလ် ချုပ်ကြီး ဆာသာဖောန်လောင်ထုံ က တနေ့က ပြောပါတယ်။

ဒီအတောအတွင်းမှာ အမျိုးသားရဲတပ်ဖွဲ့ကို ကြီးကြပ်ရတဲ့ ဒုဝန်ကြီးချုပ် ချလမ်းယူဘမ်ရွန်းက တနေ့ကလုပ်ခဲ့တဲ့ ဘန် ကောက် အစည်းအဝေးတခုမှာ ရဲဌာနမှူး ၁၅၀၀ အတွက် အချက် ၅ ချက်ပါ မူပေါ်လစီတခုကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီ မူ ဝါဒ တွေထဲမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတာတွေနဲ့ တခြားရာဇဝတ်မှုတွေနှိမ်နင်းဖို့၊ ရဲကင်းလှည့်တပ်ဖွဲ့တွေ တိုးချဲ့ဖို့၊ သဘာဝသယံဇာတတွေနဲ့ပတ်ဝန်းကျင် ထိန်းသိမ်းဖို့နဲ့ ရဲဌာနအကုန်လုံး ဗဟိုဌာနချုပ်အတိုင်း တပြေးညီစံနှုန်း တူ ဆောင်ရွက်လုပ်ဆောင်နိုင်ရေးထိ မြှင့်တင်ပေးရေးတို့ ပါဝင်ပါတယ်။

နောက်ပိုင်းတခြားစီမံချက်တွေမလုပ်ခင်မှာ စစ်ဆေးရေးဂိတ်တွေဖွင့်၊ ဖောက်သည်တွေမလာနိုင်အောင် တာဆီးပိတ်ပင် တာတွေလုပ်ပြီး နယ်မြေအကုန်လုံးက လောင်းကစားရုံတွေ အကုန်လုံးရပ်ပစ်ဖို့ သူက ဘန်ကောက်ရဲတွေကို ညွှန်ကြား လိုက်ပြီလို့ ယာယီအမျိုးသားရဲချုပ် ရဲဗိုလ်ချုပ်ကြီး ဖရီး ဝယ့်ဖန်းဒါမာဖုံက ပြောပါတယ်။

စက်တင်ဘာ ၁၀၊ ၂၀၁၁ (The Nation)
http://www.naytthit.net/

အီးယူကိုယ်စားလှယ်အဖွဲ့နှင့် ဒေါ်အောင်ဆန်းစုကြည် ထပ်မံတွေ့ဆုံ
Published on September 10, 2011 by အံ့ဘုန်းမြတ် · No Comments

အီးယူဥရောပသမဂ္ဂရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီး မစ္စခရစ္စတီးနားနဲ့ အဖွဲ့က ဒီကနေ့ မနက်ပိုင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်မှာ လာရောက် တွေ့ဆုံခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး အပါအဝင် ကိုယ်စားလှယ် အဖွဲ့တွေနဲ့လည်း ထပ်မံတွေ့ဆုံခဲ့ပါတယ်။

ဒီတွေ့ဆုံဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး အသေးစိတ် သတင်းထုတ်ပြန်ဖို့ မရှိဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပါတယ်။

ဒီဆွေးနွေးမှုအတွင်း ပါဝင်ခဲ့တဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဟန်သာမြင့်ကလည်း "ကျနော်တို့နဲ့ တွေ့တာက ခဏလေးပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သက်သက်တွေ့တာက များပါတယ်။ အကုန်လုံး သူတို့ သေချာကို တင်ပြတယ်။ အခုလာတဲ့ လူမှုအထောက်အကူပြု မဟာမင်းကြီးဆိုတော့ ဒီကိစ္စတွေပဲ ဆွေးနွေးကြတာပါ။ ဘာမှ ပြောစရာတော့ မရှိပါဘူး။" လို့ ဆိုပါတယ်။

အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို ပြီးခဲ့တဲ့ ဖွန်လတုန်းကတည်း EU ဥရောပသမဂ္ဂရဲ့ ဒု-ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးရာနဲ့ လုံခြုံရေးရာ အကြီးအကဲရဲ့ အထူးအကြံပေး ပုဂ္ဂိုလ်လည်းဖြစ်တဲ့ မစ္စတာ ရောဘတ်ကူးပါး (Robert Cooper) ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့လည်း တွေ့ဆုံမှုတွေ

ပြုလုပ်ခဲ့ပါသေးတယ်။

လာမယ့် တနင်္လာနေ့ နေ့မှာလည်း မြန်မာနိုင်ငံကို အလည်အပတ် ရောက်ရှိနေတဲ့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) က ဒေါ်အောင်ဆန်းစုကြည်ကို လာရောက် တွေ့ဆုံဖို့ ရှိနေပါသေးတယ်။

ရွေးကောက်ပွဲကော်မရှင် ဆုံးဖြတ်ချက်ကို နိုင်ငံရေးလုပ်ကြံမှုအဖြစ် ဝေဖန်
Published on September 10, 2011 by အံ့ဘုန်းမြတ် · No Comments

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး နိုင်ငံရေး လုပ်ကြံမှု အဖြစ် ရှုမြင်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP)က ဝေဖန်လိုက်ပါတယ်။

နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲအတွင်း မဲရုံတခု၌ ဆန္ဒမဲများ ရည်တွက်နေစဉ်

၂၀၁၀ ရွေးကောက်ပွဲ ရလဒ်နဲ့ ပတ်သက်ပြီး တိုင်ကြားခံခဲ့ရတဲ့ ပေါက်တောမြို့နယ် မဲဆန္ဒနယ်မြေရဲ့ ရွေးကောက်တင်မြောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံကို ၃ ကြိမ်တိုင် စစ်ဆေးမှုတွေ ပြုလုပ်အပြီး ရှုံးနိမ့်ကြောင်း ကော်မရှင်ရဲ့ ဒီလ ၉ ရက်နေ့က ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်အပေါ် RNDP ပါတီ လွှတ်တော်ကိုယ်စားလှယ်တွေ စုပေါင်း ကြေညာချက် ထုတ်ပြန် ဝေဖန်လိုက်ကြတာလည်း ဖြစ်ပါတယ်။

ဒီကနေ့ရက်စွဲနဲ့ ထုတ်ပြန်လိုက်တဲ့ ကြေညာချက်နဲ့ ပတ်သက်ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရဲ့ မြေပုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက အခုလို ပြောပါတယ်။

"ဒီဆုံးဖြတ်ချက်ဟာ ကျနော်တို့အနေနဲ့ တရားတယ်လို့ လက်မခံနိုင်ပါဘူး။ ဒီဆုံးဖြတ်ချက်ဟာ အပြစ်မရှိ အပြစ်ရှာပြီးတော့ ပုံကြီးချဲ့ပြီး ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ မဲပေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တယောက်ကို ဒီလို ဖြတ်ချတယ်ဆိုတာ ကျနော်တို့ အနေနဲ့ လက်မခံနိုင်ပါဘူး။ ဒီအပေါ်မှာ ကျနော်တို့ နိုင်ငံရေးလုပ်ကြံမှု ဖြစ်တယ်ဆိုပြီး ကျနော်တို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။"

ဒါ့အပြင် RNDP ပါတီရဲ့ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် အစိုးရ အာမခံချက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကလည်း ကော်မရှင်ရဲ့ ဒီလုပ်ဆောင်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံလိုက်နာနေတဲ့ နိုင်ငံရေး အင်အားစုတွေနဲ့ ပြည်ထောင်စုအစိုးရအကြား ယုံကြည်မှုကို ပျက်ပြားသွားစေပြီလို့လည်း ပြောကြားလိုက်ပါတယ်။

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဆိုတာလည်း ဗိုလ်ချုပ်ကြီး တင်အေး ဆိုရင်လည်း လွှတ်တော်အနေနဲ့လည်း နုတ်ထွက် ပြီးပါပြီ။ ပြည်ထောင်စု ကြံ့ခိုင်ရေးပါတီကလည်း နုတ်ထွက်ပြီးပြီလို့ ကျနော်တို့ ကြားပါတယ်။ ဒါပေမယ့်လို့ ဘယ်သူတွေနိုင်မယ် ဘယ်သူတွေ ကျရှုံးမယ်ဆိုတာကို ဒီနေ့ ဖြစ်ရမယ့် အဖြေကို မနေ့ညကတည်းက သိနေတယ်ဆိုတာလေးတခု ကျနော်တို့ လွှတ်တော်တက်နေတဲ့ ကာလမှာ ကြားလိုက်ရတဲ့တော့ ကျနော်စိတ်ထဲမှာ တမျိုးကြီး ဖြစ်သွားတာပေ့ါ။ ကျနော်တို့ အနေနဲ့ ဘာကို ယုံကြည်ရမလဲ။ အကုန်လုံးပေ့ါဗျာ ပြန်သုံးသပ်ရရင်။ "

ရွေးကောက်ပွဲ ကော်မရှင် ရှုံးနိမ့်ကြောင်း ကြေညာခံလိုက်ရတဲ့ ဦးအောင်ကျော်ဇံကို ကြံ့ခိုင်ရေးပါတီရဲ့ ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်က တပ်မတော်အစိုးရနဲ့ ကြံ့ခိုင်ရေးပါတီကို အကြည်အညိုပျက်စေမှု၊ မဲမသမာမှုစတဲ့ စွဲချက်တွေနဲ့ တိုင်ကြားခဲ့တာပါ။

နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲမှာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက လွှတ်တော် ၃ ရပ်လုံး အတွက် ကိုယ်စားလှယ် ၃၅ ဦး ရွေးကောက်တင်မြောက်ခံရပြီး အဲ့ဒီထဲက ၉ ဦးကို ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်လောင်းတွေက ပထမအဆင့် တရားစွဲဆို တိုင်ကြားခဲ့ပါတယ်။

အဲ့ဒီထဲက ပထမအဆင့်မှာတော့ ၃ ဦးကို အနိုင်ပြန်ရခဲ့ပြီး ၆ ဦးကို ကော်မရှင်က ရှုံးနိမ့်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

အဲ့ဒီကနေ ဒုတိယအဆင့်အနေနဲ့ ရှုံးနိမ့်ခဲ့တဲ့ ကိုယ်စားလှယ် ၆ ဦးက ထပ်မံ အယူခံဝင်ရာမှာ ကော်မရှင်က ၃ ဦးအနိုင်ပေးခဲ့ပြီး ၃ ဦးကို ရှုံးနိမ့်ကြောင်း ကြေညာခဲ့ပြန်ပါတယ်။

နောက်ဆုံး တတိယအဆင့်အနေနဲ့ ကိုယ်စားလှယ် ၃ ဦးက နောက်ဆုံးအနေနဲ့ အယူခံထပ်ဝင်ရာမှာ ၂ ဦးကို အနိုင်ပေးပြီး လွှတ်တော်အစည်းအဝေး တက်ရောက်နေတဲ့ ကိုယ်စားလှယ် ဦးအောင်ကျော်ဇံကို ရှုံးနိမ့်ကြောင်း ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။
http://burmese.dvb.no

9/11 ကလေးဆေးရောင်ခြယ်စာအုပ် ဝေဖန်ခံရ
Friday, 09 September 2011 07:03 administrator
E-mail Print PDF

9/11 ဖြစ်ရပ်များကို ကလေးများအတွက် ဆေးရောင်ခြယ် စာအုပ် ထုတ်ဝေလိုက်သည့် စိန့်လူးဝစ်ပြည်နယ်၊ မစ္စဆိုရီမြို့က စာအုပ်တိုက်မှာ အကြီးအကျယ် ဝေဖန်ခံနေရပါသည်။ "9/11 ကို ကျနော်တို့ ဘယ်တော့မှ မေ့မှာ မဟုတ်" ခေါင်းစဉ်ဖြင့် စာအုပ်ပါ ပုံရိပ်များမှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်ဟုလည်း ဆိုကြပါသည်။

မိဘများ ဘလော့တစ်ခုမှ ကလေးများအတွက် သင့်၊ မသင့်ကို မေးခွန်းထုတ်ထားသည်။ ကလေးဆေးရောင်ခြယ် စာအုပ်ကို PG အဆင့်ဖြစ်သည့် "မိဘနှင့် အတူလုပ်ဆောင်ရန်၊ ကြည့်ရှုရန်" အဆင့်ဖေါ်ပြထားသော်ငြားလည်း အမျိုးသမီးတစ်ဦး နောက်ကွယ်ရှိ အိုဆာမာဘင်လာဒင်ကို အမေရိကန် စစ်သားက သေနတ်ဖြင့် ပစ်ခတ်သော ပုံရိပ်များမှာ မသင့်လျော်ဟု ဘလော့တွင် ဖေါ်ပြထားသည်။

အဆိုးရွားဝါးဆုံးမှာ မူဆလင်များအားလုံးကို အမေရိကန် ဆန့်ကျင်သူများအနေဖြင့် ပုံဖေါ် သတ်မှတ်ထားပြီး အစ္စလမ်မစ် လူထုအသိုင်းအဝိုင်းကို တိုက်ခိုက်မှုထဲတွင် ဆွဲသွင်းထားခြင်းဖြစ်သည်။

စာအရေးအသားမှာလည်း အငြင်းပွားဖွယ်၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခအသွင်ဖြစ်သောကြောင့် လက်မခံနိုင်ဟု မိဘများ ဘလော့တွင် ဖေါ်ပြထားပါသည်။

သို့ရာတွင် စာအုပ်ထုတ်ဝေသူ ဝိန်းဘဲလ်ကမူ ဤသို့ဆိုပါသည်။ "9/11 ဖြစ်ရပ်တွေကို မိဘတွေက ကလေးငယ်တွေ သိရှိနားလည်အောင် ကူညီပေးဖို့အတွက် စာအုပ်ထုတ်ဝေရတာပါ။ ဂုဏ်သိက္ခာ၊ ရိုးဖြောင့်မှု၊ လေးစားမှု၊ အလေးအနက်ထားမှု တို့နှင့် အညီ ဒီစာအုပ်ကို ဖန်တီးထားတာလည်း ဖြစ်တယ်။ အမှန်တရားကလည်း သွေဖယ်တာ မဟုတ်ပါဘူး။" စာအုပ်ပါ အချက်အလက်များမှာ ဖြစ်ရပ်မှန်ဟုလည်း ဆိုထားသည်။

ဤထုတ်ဝေသည့် ကုမ္ပဏီက ယခင်ထုတ်ဝေဖူးသည့် TEA PARTY ဆေးရောင်ခြယ် စာအုပ်ထက် ယခုစာအုပ်မှာ ပိုအရောင်းသွက်နေကြောင်းသိရပါသည်။
http://www.maukkha.org/

သေ့ဘောပိုးအနီး ဆုံဆည်းမြိုင်နားမှာ တိုက်ပွဲဖြစ်နေတယ်
မြဝတီမြို့တောင်ဘက် သေ့ဘောပိုးအနီး ဆုံဆည်းမြိုင်နားမှာ နေ့ခင်း ၁၁ နာရီမှာ တိုက်ပွဲဖြစ်နေတယ်။ စစ်ကြောင်းတက်လာတဲ့ တပ်မ ၂၂ က ခမရ ၂၀၄ ကို DKBA 909 တပ်ဖွဲ့က လမ်းကဖြတ်တီးနေတာ ညနေ ၅ နာရီလောက်မှာ အဲဒီနေရာမှာပဲ တိုက်ပွဲထပ်ဖြစ်နေတယ်။ သေ့ဘောပိုးရွာထဲကို လက်နက်ကြီးတွေ ကျရောက်ပေါက်ကွဲနေတယ်။ သေ့သောပိုးရွာသားတွေလည်း ထိုင်းဘက်ကို ထွက်ပြေးလာကြတယ်လို့ ကြားတယ်။

at 07:37 0 comments Links to this post

မြန်မာ့ သစ်တောရေးရာ ဝန်ကြီးဌာန ရန်ကုန်ရုံးချုပ် တာဝန်ရှိသူများမှ မမျှတမှုများအား ဖြေရှင်းပေးပါရန်
ကျနော် ၊ ကျမတို့ သည် သစ်တောရေးရာဝန်ကြီးဌာန ၊ မြန်မာ့သစ်လုပ်ငန်း ရန်ကုန်(ရုံးချုပ်) ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတွင် တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းများဖြစ်ပါသည် ။

၂၀၁၀ခုနှစ် ၅ လ ပိုင်းမှစတင်၍ နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ၊ မြန်မာ့သစ်လုပ်ငန်း ရုံးသို့ ဝန်ထမ်းအားလုံးသည် တဦးလျှင် ၂ လ ကြာ ၊ အလှည့်ကျစနစ်ဖြစ် သွားရောက် တာဝန် ထမ်းဆောင် ကြရန် စတင်စေလွှတ်ပါသည်။

ထိုသို့စေလွှတ်ရာတွင် ရန်ကုန်ရုံးချုပ်ရှိ တာဝန်ရှိသူအချို့ မှမျှတစွာတာဝန်ခွဲဝေခြင်း မရှိပဲ အထွေထွေ မန်နေဂျာ(GM)၊ ဒုတိယအထွေထွေမန်နေဂျာ(DGM)တို့၏ဆွေမျိုးနီးစပ်တော်စပ်သောဝန်ထမ်းများနှင့်၎င်းတို့နှင့် အပေးအယူပြုလုပ်ကာတပည့်မွေး ဆရာမွေး ပြုလုပ်နေကြသော ဝန်ထမ်းများအား အခြားဝန်ထမ်းများနည်းတူ နေပြည်တော်သို့တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့ခြင်း မရှိပါ ။ ထိုဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူ ကိစ္စများတွင်သာ အဓိကဆောင်ရွက်ရန် အနီးကပ်တပည့်မွေးမြူထားကြပါသည်။

နေပြည်တော်သို့သွားရောက်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအတွက် ယာယီနေထိုင်ရန် ပေး ထားသောအဆောက်အဦးမှာလုံခြုံမှုမရှိပဲ မိမိတို့ဝန်ထမ်းများ၏ ပစ္စည်းများအားပြင်ပမှမကြာခဏဖောက်ထွင်း ခိုးယူ မှုများ ခံကြရပါသည် ။ တာဝန်ရှိသူများကိုအကြောင်းကြားတင်ပြခဲ့သော်လည်း မည်သို့ မှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းမရှိပါ ။

မိမိတို့ ရရှိသောလစာနှင့်ရန်ကုန်ရုံးမှပေးသောထောက်ပံ့ကြေး တစ်သောင်းခွဲသည် နေပြည်တော်တွင် တာဝန် ထမ်းဆောင်ရန်လုံလောက်ခဲ့ခြင်းမရှိသော်လည်း ဌာနမှ တာဝန်ပေးခဲ့သည့်အတွက် အခက်အခဲများကြားမှ မိမိတို့ အနေဖြင့်သွားရောက် တာဝန်ထမ်းဆောင် ခဲ့ပြီးဖြစ်ပါသည် ။ မိမိတို့သည် ဌာနမှ ထပ်မံတာဝန်ပေးချက်အရ နှစ်ကြိမ်ထက်မနည်း နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည့် ဝန်ထမ်းများဖြစ်ကြပါသည်။

ယခုအခါတွင်လည်း ထပ်မံစေလွှတ်နေပြန်ပါသည်။ မိမိတို့အနေဖြင့် မိသားစုအခြေအနေ၊ရရှိသောလစာနှင့်ကုန်ကျစရိတ်များအရ အကြိမ်ကြိမ်တာဝန်ထမ်းဆောင်ရန်မဖြစ်နိုင်ပါ။ အထွေထွေ မန်နေဂျာ(GM) ၊ ဒုတိယ အထွေထွေမန်နေဂျာ (DGM) တို့၏ နီးစပ်သူများ သည် နေပြည်တော်သို့

သာမန်ဝန်ထမ်းများနည်းတူ စေလွှတ် တာဝန် ထမ်းဆောင် သင့်သော်လည်း ယခုချိန်ထိ တကြိမ်တခါမျှ စေလွှတ်ခြင်းမရှိပါ ။

ထိုကဲ့သို့ မျှတမှုမရှိသည် ကိစ္စရပ်များပေါ်ပေါက်နေပါသဖြင့်ပြောင်းလဲလိုက်သော ပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အမည်သစ်နှင့်အတူ ယခင် သစ်တောရေးရာဝန်ကြီးဌာန အမည်ဟောင်းအောက်တွင်ဖြစ်ပေါ်ခဲ့သောဌာနတွင်းဝန်ထမ်းများအပေါ် မမျှတမှုများပါအသစ်ပြုပြင်ပြောင်းလဲ ပေးပါရန်အခြေခံဝန်ထမ်းများမှ အင်တာနက်စာမျက်နှာများမှတဆင့်သက်ဆိုင်ရာတာဝန်ရှိသူများထံသို့တင်ပြ တောင်းဆို လိုက်ရပါသည်။

အခြေခံဝန်ထမ်းများ
ပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်း/စက်ဌာန
ရန်ကုန်ရုံးချုပ်

"အန်တီ မှားခဲ့ရင်၊ ကျရှုံးခဲ့ရင် အန်တီတာဝန်ယူမယ်"
အစိုးရသစ်နှင့် ပူးပေါင်းလုပ်ဆောင်မှုများတွင် အစိုးရ ဘက်မှ ပလီပလာ၊ ဟန်ပြနှင့် မရိုးသားမှုများ ပါလာပါက မိမိအနေဖြင့် တာဝန်ယူသွားမည် ဖြစ်ကြောင်း စက်တင်ဘာလ ၈ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ရန်ကုန်ခရော်နီကယ်၏ မေးမြန်းချက်အား ဒေါ်အောင်ဆန်းစုကြည်က ပြန်လည် ဖြေကြားခဲ့သည်။

"အန်တီ မှားခဲ့ရင်၊ ကျရှုံးခဲ့ရင် အန်တီတာဝန်ယူမယ်" ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုသည်။

လက်ရှိ တိုင်းပြည်အခြေအနေမှာ ပြဿနာများရှိနေ၍ ဝင်ရောက်ကူညီရမည် ဖြစ်ကြောင်း၊ ယင်းသို့ ဝင်ကူရာ၌လည်း တက်နိုင်သလောက် ကူညီပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတနှင့် နေပြည်တော်တွင် ပထမအကြိမ်တွေ့ဆုံရာ၌ NLDပါတီ တရားဝင် ရပ်တည်ရေး၊ နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်လာပါက ဆူပူမှုများ မဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားများနှင့် ဖြစ်ပွားနေ သည့် ပဋိပက္ခများကို ဆွေးနွေးခဲ့ကြောင်း NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရသစ်ခေါင်းဆောင်များ တွေ့ဆုံကြပြီးနောက် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ် မလာသေးသဖြင့် အစိုးရသစ်သည် ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချနေသလားဟု သုံးသပ်နေကြချိန်တွင် အထက်ပါအတိုင်း ဒေါ်အောင်ဆန်းစုကြည်၏ တုံ့ပြန်ချက် ပေါ်ပေါက်လာသည်။

"တကယ်ပဲ အသုံးချခံရတယ် ဆိုရင်တောင်မှ တိုင်းပြည်အတွက် အသုံးချခံရတယ်ဆိုရင် မနစ်မြို့စရာအကြောင်း မရှိပါဘူး။ ယုံကြည်ချက်အတွက် ဆက်လုပ်သွားမှာ ဖြစ်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးသိန်းစိန်တို့ တွေ့ဆုံမှုနှင့်ပတ်သက်၍ နိုင်ငံပိုင် သတင်းစာများက ထုတ်ပြန်ရာတွင် မတူကွဲလွဲချက်များကို ရှောင်ရှားပြီး တူညီချက်များကို တိုင်းပြည်၏ အကျိုးစီးပွားအတွက် လက်တွဲလုပ်ဆောင်သွားမည်ဟု ဖော်ပြထားသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံမှုနှင့် ပတ်သက်၍ ကျေနပ်အားရမှုရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိအစိုးရသစ်က ၂၀၁၄ ခုနှစ် အာဆီယံ ခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အလှည့်ကျ ဥက္ကဋ္ဌရာထူး ရလိုသဖြင့် နိုင်ငံတကာ ဖိအား လျော့နည်းစေရန် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြခြင်း ဖြစ်နိုင်သည်ဟု နိုင်ငံရေး လေ့လာသူတချို့က သုံးသပ်ပြောဆို ကြသည်။

Peace Press (yangonchronicle သတင်းလွှာ "အစိုးရသစ်နှင့် ပူးပေါင်းမှုတွင် ကျရှုံးပါက ဒေါ်အောင်ဆန်းစုကြည်မှ တာဝန်ယူမည်" မှ ကူးယူဖော်ပြပါသည် )

အမေရိကန် အစိုးရကိုယ်စားလှယ် ဒဲရက်မစ်ချဲ လ် က ဘောင်းဘီချွတ်အစိုးရကို သတိပေး
အမေရိကန်အစိုးရကိုယ်စားလှယ်ဒဲရစ်မစ်ချဲ က မြန်မာနိုင်ငံကို ၅ ရက်ကြာခရီးထွက်ခဲ့ပါတယ်။ လွှတ်တော်ဥက္ကဌ ရွှေမန်းနဲ့ တွေ့ ဆုံခဲ့စဉ်က မြန်မာ နိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးလွှတ်ပေးဖို့ က အမေရိကန်ရဲ့ အပြင်းပြဆုံးဆန္ဒဖြစ်တယ်။ လူအခွင့်အရေးချိုးဖေါက်မှုတွေရပ်တန့် ဖို့ နဲ့ အမေရိကန်က မြန်မာ ပြည် နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အတွက်
အဓိက လမ်းစဉ်ဖြစ်တယ်။ဒါကိုအလေးနက်ထားဖို့ တိုက်တွန်းခြင်တယ်လို့ ပြောဆိုသွားတယ်လို့ သိရပါတယ်။
ရွှေမန်းနဲ့ အတူ တခြားအမတ်တွေလဲ တွေ့ ကြတယ်။သူ့ ခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်၊ တခြားသောလူမှုအသင်းအပင်းခေါင်းဆောင်းတွေကိုလည်းတွေ့ ဖို့အစီအစဉ်ရှိတယ်လို့ သိရတယ်။ သူရဲ့ တွေ့ ရှိချက်တွေကို သမတအိုဘားမားကို တိုက်ရိုက်အစီရင်ခံစာတင်မှာဖြစ်တယ်။

သတင်းထောက်တွေ စားခဲ့ရတဲ့ နေပြည်တော်က ဈေးအကြီးဆုံး နန်းကြီးသုပ်

နိုင်ငံတော်ကို အုပ်ချုပ်နေသော မဟ္ကိုင်ကြီး သုံးရပ်တည့်မှတ်စေရေးအတွက် စာပေနှင့်စာနယ်ဇင်းဟူသော စတ္တုထ မဏ္ဍိုင်က ထိန်းကျောင်းပေးရမည်ဟု ဆိုကြပါသည်။

သို့ရာတွင် စတုတ်ထမဏ္ဍိုင်ဖြစ်သော နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းဟူသော သတင်းစာကြီးများသည် လုံးဝယိမ်းယိုင် ကာ တိမ်းစောင်းနေပါသည်။

၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ မြို့နယ် သတင်းထောက်များကို နေပြည်တော် တပ်ကုန်းရှိ သတင်းစာတိုက်များသို့ ကိုယ့်စာရိတ်ကိုယ်စားကာ လာရောက်စေပြီး သတင်းထောက်ကပ်နှင့် ရင်ထိုးပေးအပ် ကာ နန်းကြီးသုတ် တပွဲ ကျွေးလွှတ်ပါသည်။ ကျွန်တော်တို့ ဘဝတွင် စျေးအကြီးဆုံး နန်းကြီးသုတ် ပင်ဖြစ်ပါသည်။ ခရီးစာရိတ် တသိန်းကျော် အကုန်အကျခံကာ သွားရောက်စားသောက်ရခြင်းဖြစ်ပါသည်။

အခမ်းအနားတွင် စာတည်းမှူးချုပ်က ပြန်ဆက်သတင်းစာ၊ စည်ပင်သတင်းစာဟု ပြောနေကြကြောင်း ဝန်ခံပြောကြားခဲ့ ပါသည်။ ပိုက်ဆံပေးထည့်သော ပြန်ဆက်နှင့်စည်ပင် သတင်းများသာ ပါဝင်ပါသည်။ လိုင်းကြေးဖြင့် ဆက်သွယ်ထား သော မြို့နယ် သတင်းထောက် အချို့၏ သတင်းများ ပုံမှန် ပါဝင်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်များကလည်း နယ်တွင် သတင်း တစ်ပုဒ်ကို ငွေကျပ် တသောင်းခွဲမှ သုံးသောင်းအထိ ယူပြီး သတင်းရေးသားနေကြပါသည်။ ထို့ကြောင့် စာတည်းမှူးချုပ် တယောက်၏ ပိတ်ရက် မရှိ နေ့စဉ်ဝင်ငွေမှာ ကျပ်တသိန်းအထက် ရှိပါသည်။ ရှေ့က အငြိမ်းစားယူသွားသော စာ တည်းမှူးချုပ် တယောက်ဆိုလျှင် သမီးကို စင်ကာပူတွင် ကျောင်းထားနိုင်ခဲ့ပါသည်။

နိုင်ငံတော် မူဝါဒ တည့်မှတ် မှန်ကန်အောင် ထိန်းကျောင်းရမည့် ယိမ်းယိုင်နေသော စတုတ်ထမဏ္ဍိုင် သတင်းစာတိုက် ကြီးများ၏ အဂတိ လိုက်စားနေမှုများကို အရင်တည့်မတ်အောင် အရေးယူဆောင်ရွက်ပေးဖို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကို နိုင်ငံခြားသတင်းဌာနများမှတစ်ဆင့် တင်ပြအပ်ပါသည်။

ငွေမပေးနိုင်သော မြို့နယ်သတင်းထောက်များ
http://komoethee.blogspot.com/